# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# နဝမပုံမှန်အစည်းအဝေး

# ဒသမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | မတူပီမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြောင်းရေတိုက်စားခြင်းနှင့် မြေပြိုခြင်းကြောင့် နေအိမ်များပျက်စီးနေပါသဖြင့် အရေးပေါ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အခါအားလျော်စွာပေါ်ပေါက်သော အလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်ကန်မှုများနှင့်ပတ်သက်၍ ကြားဖြတ်အစီရင်ခံစာထုတ်ပြန်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | သစ်တောနယ်မြေများအတွင်း စိုက်ထူထားသော ဆက်သွယ်ရေးတာဝါတိုင်များ၏ မြေငှားရမ်းခြင်းအတွက် ကုမ္ပဏီမှပေးသော အခကြေးငွေများသည် အခွန်အဖြစ်နိုင်ငံတော်ဘဏ္ဍာသို့ ရောက်ရှိခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၈ | အာရှနိုင်ငံအချို့တွင် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည့် မန်ဂျန်းရှား (ဂျပန်ပိတောက်) Acacia Mangium သစ်ပင်အမျိုးအစားကို နိုင်ငံအနှံ့ကျယ်ပြန့်စွာစိုက်ပျိုးလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၉ | တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရမှုအတွက် မည်ကဲ့သို့ စီမံ ဆောင်ရွက်ထားရှိမှုနှင့် လူသားတို့အတွက် အန္တရာယ်မရှိအောင် မည်သို့ကာကွယ်မှုများပြုလုပ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၉ |
| ၁၀ | မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တောဆင်ရိုင်းများကို သတ်ဖြတ်နေခြင်းအားတားဆီးကာကွယ်ရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၁ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေးပို့လာသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့်ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံး | ၂၉ |

အဖြတ်ရယူခြင်း

၁၂ ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ် ဆောင်ရွက်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၃၃

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၄

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် န၀မ ပုံမှန်အစည်းအဝေး

## ဒသမနေ့ အစီအစဉ်

## [ ၁၇–၈–၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် န၀မ ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြောင်းရေတိုက်စားခြင်းနှင့် မြေပြိုခြင်းကြောင့် နေအိမ်များ ပျက်စီးနေပါသဖြင့် အရေးပေါ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အခါအားလျော်စွာ ပေါ်ပေါက်သော အလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်ကန်မှုများနှင့် ပတ်သက်၍ ကြားဖြတ်အစီရင်ခံစာ ထုတ်ပြန်နိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **သစ်တောနယ်မြေများအတွင်း စိုက်ထူထားသော ဆက်သွယ်ရေး တာဝါတိုင်များ၏ မြေငှားရမ်းခြင်း အတွက် ကုမ္ပဏီမှပေးသော အခကြေးငွေများသည် အခွန်အဖြစ် နိုင်ငံတော်ဘဏ္ဍာသို့ ရောက်ရှိခြင်းရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **အာရှနိုင်ငံအချို့တွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည့် မန်ဂျန်းရှား (ဂျပန်ပိတောက်) Acacia Mangium သစ်ပင်အမျိုးအစားကို နိုင်ငံအနှံ့ကျယ်ပြန့်စွာ စိုက်ပျိုးလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရမှုအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိမှုနှင့် လူသားတို့အတွက် အန္တရာယ်မရှိအောင် မည်သို့ကာကွယ်မှုများ ပြုလုပ်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် တောဆင်ရိုင်းများကို သတ်ဖြတ်နေခြင်းအား တားဆီးကာကွယ်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေးပို့လာသော **"မြန်မာ့သတ္တုတွင်း နည်းဥပဒေများ"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြား ဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား**

**ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ဆောင်ရွက်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်း”**
အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုးပိုင်ငွေး၊ မြိတ် မဲဆန္ဒနယ်၊

(ခ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၊

(ဂ) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၊

(ဃ) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၆ ရက်
## (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၈၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၆၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်၊
(၂) ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊
(၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊
(၄) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊
(၅) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊
(၆) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊
(၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၈) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၉) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၁၀) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၁ ရက်၊
(၁၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၁၂) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊
(၁၃) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၁၄) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၁ ရက်၊
(၁၅) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၁၆) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊
(၁၇) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊
(၁၈) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းလှသိန်း ခွင့် ၁ ရက်၊

(၁၉) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊
(၂၀) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၁ ရက်၊
(၂၁) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၂၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၂၃) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊
(၂၄) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၁ ရက်၊
(၂၅) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊
(၂၆) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ ခွင့် ၁ ရက်၊
(၂၇) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊
(၂၈) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊
(၂၉) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၃၀) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်နှင့်
(၃၁) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၁ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မတူပီမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြောင်းရေတိုက်စားခြင်းနှင့် မြေပြိုခြင်းကြောင့် နေအိမ်များပျက်စီးနေပါသဖြင့် အရေးပေါ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ ယခု မေးခွန်းတင်ပြီးတဲ့နောက်ပိုင်းမှာ ပြည်ထောင်စုအစိုးရကနေ မြို့မြေပြိုခြင်းနဲ့ ပတ်သက်ပြီးမှ ပြည်ထောင်စုအစိုးရကနေ ပညာရှင်တွေကိုစေလွှတ်ပြီးမှ ကွင်းဆင်းတိုင်းတာမှုတွေ ပြုလုပ်စေတဲ့အတွက်ကြောင့် ပြည်ထောင်စုအစိုးရအပေါ်မှာ အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြ လိုပါတယ်။ အထူးသဖြင့် အင်ဂျင်နီယာအချို့ကိုယ်တိုင်လာပြီးမှ မတူပီမြို့ရဲ့မြေပြိုမှုကို အသေးစိတ် လာရောက် ကွင်းဆင်းပေးတဲ့အတွက် အထူးကျေးဇူးတင်ကြောင်း ဖော်ပြလိုပါတယ်။ မတူပီမြို့မှာ ၂၀၁၅ ခုနှစ်က ကိုမာမုန်တိုင်းကြောင့် မိုးအကြီးအကျယ်ရွာတဲ့အတွက် တစ်မြို့လုံးမြေပြိုမှုတွေ ဖြစ်ခဲ့ ပါတယ်။ အဲဒီကာလမှာ ချင်းပြည်နယ်မှာ ပထမမြေပြိုမှုအများဆုံး ဟားခါးဖြစ်ပြီးမှ မတူပီမြို့က ဒုတိယဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီကာလတုန်းက မတူပီမှာက ဖုန်းလိုင်းတွေ၊ အင်တာနက်လိုင်းတွေ မရှိတဲ့အခါကျတော့ နိုင်ငံတော်အစိုးရအနေနဲ့လည်း မသိခဲ့ပါဘူး။ အဲဒါကြောင့် ပြန်လည်ထူထောင် ရေးတွေ၊ နောက်မှ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ ဘာမှမလုပ်ဆောင်နိုင်သေးခဲ့ပါဘူး။ အဲဒါကြောင့် ကျွန်တော် ဒီလွှတ်တော်ရောက်ပြီးနောက်ပိုင်း ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှာ ဒီကိစ္စနဲ့ပတ်သက်ပြီးမှ မေးခွန်းမေးမြန်းခဲ့ပါတယ်။ အဲဒီမေးခွန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားရာမှာ ကျွန်တော် တောင်းတဲ့ အချိန်မှာ အရေးပေါ်ရန်ပုံငွေချပေးနိုင်ပါရန်လို့ ကျွန်တော်တောင်းခံခဲ့ပါတယ်။ ဒါပေမဲ့ အရေးပေါ် မဟုတ်တဲ့အတွက်ကြောင့် အရေးပေါ်ရန်ပုံငွေတော့ မချပေးနိုင်ဘူး။ သို့ပေမဲ့လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ပုံငွေနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးမယ်လို့ ဖြေကြားခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၇ ခုနှစ်မှာ အဲဒီလုပ်ငန်းတွေ ဘာမှမတည် ဆောက်ပေးနိုင်တဲ့အတွက်ကြောင့် ရေတိုက်စားမှုတွေ ဆက်လက်ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ဘတ်ဂျက်တွေချထားပေးနိုင်ခဲ့တယ်။ နောက်ပြီး တင်ဒါတွေခေါ်ယူအောင်မြင်ခဲ့တယ်။ ဒါပေမဲ့ အဲဒီ တင်ဒါခေါ်ယူတဲ့နေရာမှာ တော်ဝင်ကြာဖူးကုမ္ပဏီက လုပ်ငန်းမဆောင်ရွက်တဲ့အခါမှာ ယခုလို မြေပြိုမှု တွေ ဆက်လက်ဖြစ်ပွားခဲ့ပါတယ်။ AIDAK ကုမ္ပဏီကျတော့ သူက တင်ဒါအောင်မြင်တယ်၊ လုပ်ငန်း ဆောင်ရွက်တယ်။ ဒါပေမဲ့ သူတို့ရဲ့ Estimate တွေက တကယ့်မြေပြင်ရဲ့လိုအပ်ချက်နဲ့ ကိုက်ညီမှု

မရှိတဲ့အခါမှာ မြေငြိမ်မှုပြန်လည်ဖိတ်ခေါ်သလိုမျိုးဖြစ်နေပြီးမှ ဒီနှစ်မိုးဦးကာလမှာ မြေပြိုမှုတွေ ဆက်လက်ဖြစ်ပေါ်ခဲ့ရတာ ဖြစ်ပါတယ်။ ယခုမြေပြိုမှုကြောင့် လူနေအိမ်လေးလုံးပျက်စီးပြီးမှ နှစ်လုံးက အန္တရာယ်ရှိတဲ့အတွက်ကြောင့် အခြားနေရာမှာ ပြောင်းရွှေ့အိမ်ငှားနေရပါတယ်။ နေပြည်တော်ကနေ ရောက်ရှိလာတဲ့ ပညာရှင်များရဲ့သုတေသနပြုချက်အရ မြေပြိုရခြင်းရဲ့အဓိက အကြောင်းအရင်းက ရေမြောင်းစနစ်ပေါ့(Dewing System)မရှိလို့ ဖြစ်တယ်လို့ဆိုပါတယ်။ ပညာရှင်များရဲ့ အသေးစိတ် သုတေသနပြုချက်တွေက ပြည်ထောင်စုအစိုးရထံရောက်ရှိပြီလို့ ယုံကြည်ယူဆပါတယ်။ နောက်ဆုံး အနေနဲ့ ကျွန်တော်တင်ပြလိုတာက မတူပီမြို့မြေပြိုမှုဟာ ၂၀၁၅ ခုနှစ် ကတည်းကဖြစ်တယ်။ ဒါပေမဲ့ ဒီနေ့ထိဆက်လက်ဖြစ်တယ်ဆိုတာက နဂိုကသေးသေးလေးလေးပဲဖြစ်တယ်။ အခုကျတော့ အရင်က အပ်နဲ့ထွင်းမယ့်ကိစ္စက အခု ပုဆိန်နဲ့ပေါက်ရတဲ့ကိစ္စမျိုးဖြစ်နေပါတယ်။ ယခင်ချပေးတဲ့ဘတ်ဂျက်နဲ့ လည်း ဒီနှစ်ဆက်လက်လုပ်ဆောင်မယ်ဆိုရင်လည်း ရန်ပုံငွေက လုံလောက်မှာမဟုတ်တဲ့အတွက် ကြောင့် မိုးကုန်တဲ့ကာလမှာ နောက်နောင်ဆက်လက်မြေပြိုမှုမဖြစ်အောင် ရန်ပုံငွေလိုအပ်ပါတယ်။ အမြန်တည်ဆောက်ဖို့လိုအပ်ပါတယ်။ အဲဒီတည်ဆောက်ဖို့ရန်အတွက် နိုင်ငံတော်ကနေ အရေးပေါ် ရန်ပုံငွေသော်လည်းကောင်း၊ အခြားရန်ပုံငွေတစ်ရပ်ရပ်သော်လည်းကောင်း ချပေးနိုင်မှသာလျှင် အနာဂတ်မှာ ကျွန်တော်တို့မြို့သူမြို့သားတွေက သဘာဝဘေးဒဏ်ကို ရင်ဆိုင်ရတဲ့ဘေးကနေ လွတ်ပြီးမှ ငြိမ်းချမ်းစွာနေထိုင်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးပါထန်းရဲ့ ချင်းပြည်နယ်၊ မတူပီမြို့နယ်မှာ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြောင်းရေတိုက်စားခြင်းနှင့် မြေပြိုခြင်းကြောင့် နေအိမ်များပျက်စီးနေပါသဖြင့် အရေးပေါ်ဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ တို့ရဲ့ ရှင်းလင်းဖြေကြားချက်များကို ပေါင်းစပ်ဖြေကြားမှာ ဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ဘေးဖြစ်ပွားနိုင်ချေများသောဒေသနှင့် ဘေးဖြစ်ပွား တဲ့ဒေသတွေမှာ ဖြစ်ပွားနိုင်သောဘေးအမျိုးအစားအလိုက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပြီး

ကူညီထောက်ပံ့ရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေနဲ့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဘတ်ဂျက်ရန်ပုံငွေတို့ကနေပြီးတော့မှ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနဲ့အညီ ပြည်သူတို့ရဲ့လိုအပ်ချက်များအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရဲ့ လမ်းညွှန်ချက်နှင့်အညီ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနဲ့ပူးပေါင်း၍ ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာမှာ ချင်းပြည်နယ်အတွင်း ထောက်ပံ့ပေးခဲ့တဲ့ လုပ်ငန်းများအနက် ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်များအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရဲ့ ခွင့်ပြုချက်ဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကနေပြီးတော့မှ မတူပီမြို့နယ်အတွင်းရှိ နေအိမ်များဆောက်လုပ်ပြောင်းရွှေ့ရန်နဲ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားတဲ့ရှာတလိုင်းရွာနှင့် လိုတောရွာကြားရှိ ၁၅ ပေဘေလီသစ်သားတံတား၊ နှာဘုန်ရွာနှင့် တူဖေးရွာကြားရှိ ကြိုးတံတားတို့ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ်စုစုပေါင်း ၂၃၅.၈ သန်းကို ထောက်ပံ့ပေးခဲ့တဲ့အပြင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနကလည်း ဌာနဘတ်ဂျက်နဲ့ မြေပြိုမှုများကြောင့် ပြောင်းရွှေ့ရတဲ့အိမ်ထောင်စုများကို အိမ်ဆောက်ပစ္စည်းဖိုးငွေ၊ ဆန်ရိက္ခာဖိုးငွေ၊ ကယ်ဆယ်ရေးပစ္စည်းတို့ကို ထောက်ပံ့ပေးခဲ့ပါတယ်။

ဒါ့အပြင် ယခုလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ မတူပီမြို့ မြေပြိုမှုဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေးအတွက် မတူပီမြို့ စံဘောင်ရပ်ကွက်၊ ရေမြောင်းအမှတ်(၁)နှင့် အမှတ်(၅)၊ လောင်ဗန်းရပ်ကွက်၊ ရေမြောင်းအမှတ်(၇)တို့ကို ကျောက်စီရေမြောင်းတည်ဆောက်ရန်နှင့် ခိုဘွေရပ်ကွက်ရှိ မြေထိန်းနံရံအမှတ်(၁)ကို ပေ ၆၀၀ မြေထိန်းနံရံတည်ဆောက်ရန်အတွက်ကိုလည်း ငွေကျပ် ၂၉၇ သန်းကို ၂၀၁၇ခုနှစ် ဧပြီလမှာ ချင်းပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းထောက်ပံ့ပေးခဲ့ပါတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်တဲ့အဖွဲ့ကလည်း ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ချင်းပြည်နယ်သို့သွားရောက်ခဲ့တဲ့ ခရီးစဉ်မှာ မတူပီမြို့မှာရှိတဲ့ ရေမြောင်းများပြိုကျနေမှုများကို စစ်ဆေးကြည့်ရှုသကဲ့သို့ မတူပီမြို့နယ်ရှိ မတူပီ-မင်းတပ်လမ်းပေါ်မှာ မြေထိန်းနံရံပြုလုပ်ပြီးနေရာများတွင် ရေနုတ်မြောင်းများရေစီး ကောင်းမွန်စေရေးဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။

ချင်းပြည်နယ်၊ မတူပီမြို့မှာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့တဲ့ ငွေကျပ် ၂၉၇ သန်းဖြင့် မတူပီမြို့ရေမြောင်းတည်ဆောက်ရေးလုပ်ငန်း၊ မြေထိန်းနံရံတည်ဆောက်ရေးလုပ်ငန်းတို့ကို အကောင်အထည်ဖော်ရန်အတွက် ချင်းပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့မှ တင်ဒါခေါ်ယူခဲ့ရာမှာ တင်ဒါအောင်မြင်ခဲ့တဲ့ တော်ဝင်ကြာဖူးကုမ္ပဏီနဲ့ AIDAK ကုမ္ပဏီတို့ကို ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် လုပ်ငန်းအပ်နှံပြီး ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် လုပ်ငန်းပြီးစီးဆောင်ရွက်ရန် သဘောတူစာချုပ်ချုပ်ဆို

ခဲ့ပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဦးဆောင်တဲ့ ပြည်နယ်တည်ဆောက်ရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီကို တာဝန်ပေးကြီးကြပ်စေခဲ့ပါတယ်။

တော်ဝင်ကြာဖူးကုမ္ပဏီက မတူပီမြို့ စံဘောင်ရပ်ကွက်ရှိ မြောင်းအမှတ် (၅)ရယ်၊ (၇)ရယ် ခိုဘွေရပ်ကွက်ရှိ မြေထိန်းနံရံအပိုင်း(က)တို့အတွက် ငွေကျပ် ၁၆၅ သန်းဖြင့် လုပ်ငန်းများကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှာ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့ ညနေပိုင်းမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေမြောင်းအောက်ပိုင်းထိခိုက်ခဲ့ပြီး စုပုံပစ္စည်းများနဲ့ ဘိလပ်မြေ ဖျော်စက်များ ရေမြောင်းတွင်းသို့ အရှိန်နဲ့ထိုးကျခဲ့မှုကြောင့် လုပ်ငန်းများအားခေတ္တရပ်ဆိုင်း ထားရှိ ပါတယ်။ AIDAK ကုမ္ပဏီကတော့ မတူပီမြို့ စံဘောင်ရပ်ကွက်၊ မြောင်းအမှတ်(၁)နှင့် ခိုဘွေရပ်ကွက်၊ မြေထိန်းနံရံအပိုင်း(ခ)တို့အတွက် ငွေကျပ် ၁၃၂ သန်းနဲ့ လုပ်ငန်းဆောင်ရွက်ခဲ့ရာမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ ဒီပြီးစီးမှုတွေပေါ်မှာ ချင်းပြည်နယ်တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီကဦးဆောင်တဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ဇူလိုင်လ ၁၈ ရက်နေ့မှာ ကွင်းဆင်း စစ်ဆေးခဲ့ပြီး AIDAK ကုမ္ပဏီရဲ့ ရေမြောင်းတည်ဆောက်ရေးလုပ်ငန်းမှာ အောက်ခြေအုတ်မြစ် ကျောက်များ ပြန်လည်ပြုပြင်ပေးရန်နှင့် ရေမြောင်းနံရံအချို့အက်ကွဲနေမှုများ ပြန်လည်ပြုလုပ်ပေးရန် လမ်းညွှန်မှာကြားချက်အရ ကုမ္ပဏီက ပြန်လည်ပြုပြင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မတူပီမြို့ မြေပြိုမှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် စံဘောင်၊ ခိုဘွေ၊ လောင်ဗန်းနှင့်လေးရပ်ကွက်များမှာရှိတဲ့ ရေမြောင်းငါးခုနဲ့ ရေပြွန်ပါမြေကာနံရံတို့ကို ငွေကျပ် ၂၃၆.၂၅ သန်းဖြင့် အမျိုးသားသဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီရဲ့လမ်းညွှန်မှုနဲ့ လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မှတ်တမ်းဓာတ်ပုံများတင်ပြနိုင်ရေး Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ တင်ပြပါပုံများကတော့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်တဲ့အဖွဲ့ မတူပီမြို့ မြေပြိုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးတဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဒုတိယသမ္မတရဲ့ ခရီးစဉ်မှကြည့်ရှုမှတ်တမ်းများဖြစ်ပါတယ်။ ဒါကတော့ မိုးကျလာတဲ့အတွက် တော်ဝင်ကြာဖူးကုမ္ပဏီရဲ့ သူ့ရဲ့လုပ်ငန်းခွင်အတွင်းမှာ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ လုပ်ငန်းခွင်များ ဖြစ်ပါတယ်။ ဒါကတော့ AIDAK ကုမ္ပဏီမှတည်ဆောက်တဲ့ စံဘောင်ရပ်ကွက် ရေမြောင်းလုပ်ငန်းခွင် များ မှတ်တမ်းဓါတ်ပုံများ ဖြစ်ပါတယ်။ အဲဒီမှာ အောက်ဆုံးပုံမှာကတော့ လုပ်ထားတဲ့ ရေကာနံရံဟာ မြေပြိုမှုကြောင့် ထပ်ပြီးတော့မှ မြေစာတွေဖုံးနေတဲ့ အနေအထားမျိုးကို တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေကို ပြန်ပြုပြင်ခိုင်းထားပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ကြီးကြပ်ရေး၊ တည်ဆောက်ရေးလုပ်ငန်း အရည်အသွေးစိစစ်ရေးကော်မတီက ကွင်းဆင်းစစ်ဆေးတဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ဒါကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးနေတဲ့ ကျောက်စီရေမြောင်းများ လုပ်ငန်းခွင်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဒါကတော့ ဩဂုတ်လ ၉ ရက်နေ့မှာ မတူပီမြို့ရဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ တောင်နံရံများရဲ့ မြေသားကြဲ့ခိုင်မှု မရှိခြင်းကြောင့်ရယ်၊ နောက် မိုးများသည်းထန်စွာရွာသွန်းပြီးတော့မှ ရေစီးတွေဟာ ဒီမြေသားထဲကို စိမ့်ဝင်ခြင်းအားဖြင့် မြေပြိုမှုထပ်မံမဖြစ်ပွားဖို့အတွက်ကို မြို့မှာနေထိုင်တဲ့ ပြည်သူတွေက သူတို့ရဲ့

ပတ်ဝန်းကျင်တွေမှာ တာပေါ်လင်စတွေ ဖုန်းထားခြင်းဖြင့် မြေကြီးရေစိမ့်ဝင်ခြင်းမရှိဘဲ လျှောသွားနိုင်အောင်အတွက်ကို ဆောင်ရွက်နေရတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ မတူပီမြို့ မြေပြိုမှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်စေရန် လိုအပ်သောဌာနဆိုင်ရာများ၊ ကျွမ်းကျင်ပညာရှင်များပါဝင်တဲ့ကော်မတီကို ၂၀၁၇ ခုနှစ်မှာ ဖွဲ့စည်းပေးခဲ့ပြီး အဆိုပါကော်မတီကို အထောက်အကူပြုနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့ကလည်း အထောက်အကူပြုကော်မတီကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါတယ်။ လုပ်ငန်းများပိုမိုထိရောက်သွက်လက်စေရန်အတွက် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင်များအဖြစ် ပညာရှင်များနှင့် ဌာနဆိုင်ရာများဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒါ့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ကွင်းဆင်းစစ်ဆေးမယ့်အဖွဲ့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များဖြင့် ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။

ချင်းပြည်နယ်၊ မတူပီမြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၆၀ ပေမှာတည်ရှိနေသော တောင်ပေါ်မြို့တစ်မြို့ဖြစ်ပြီး တောင်ကုန်းများတွင် မြေနေရာရရှိမှုအပေါ်မှာမူတည်ပြီးတော့မှ လူနေအိမ်ရပ်ကွက်များ တည်ဆောက်ထားရခြင်း၊ လမ်းများကျဉ်းမြောင်းခြင်း၊ ရေမြောင်းစနစ်၊ မြေထိန်းစနစ်တို့မရှိခြင်းတို့ကြောင့် အခုလိုနေ့စဉ်ရက်ဆက် မိုးသည်းထန်စွာရွာသွန်းပါက မြေပြိုမှုများဖြစ်လာနိုင်ပြီး သဘာဝဘေးဒဏ်ကို ရင်ဆိုင်ရနိုင်ဖွယ်ရှိလာပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ အကြံပြုချက်များအရ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဟာ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အထိ အရေးပေါ်ဆောင်ရွက်ရမယ့်နေရာ ၁၁ နေရာကို ကွင်းဆင်းစစ်ဆေးခဲ့ကြပါတယ်။ ဒါ့အပြင် မတူပီမြို့ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်နေသော မြေပြိုမှုအန္တရာယ်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် Master Plan တစ်ခုပြုလုပ်ရန်လိုအပ်တဲ့အတွက် အဆောက်အဦဦးစီးဌာန တာဝန်ရှိသူများက ဇူလိုင်လ ၂၂ ရက်နေ့မှ ဩဂုတ်လ ၈ ရက်နေ့အထိ မြေပြိုနေရာများမှ မြေနမူနာများရယူခြင်း၊ မြေစမ်းသပ်ခြင်း၊ Survey တိုင်းတာ၍ 3D မြေပုံထုတ်လုပ်ခြင်း၊ မတူပီမြို့ရဲ့ မြေအနေအထားကို Drone ဖြင့် ကောင်းကင်ဓာတ်ပုံများရိုက်ကူးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ အချက်အလက်များရရှိပြီးပါက မြေပြိုမှုများထိန်းသိမ်းနိုင်တဲ့နည်းလမ်းများကိုရှာဖွေပြီး ယာယီထိန်းသိမ်းရန် တံတားများ၊ ရေထုတ်မြောင်းများ၊ ရေထုတ်ပြွန်များ၊ မြေကာနံရံများ အစရှိသည်တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်ပြထားပါတယ်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကလည်း သဘာဝဘေးကျရောက်လာရင် အရေးပေါ်ခိုလှုံနိုင်ရန်အတွက် မတူပီမြို့ ငလားရပ်ကွက်မှာ ဘက်စုံသုံးဘေးဒဏ်ခံအဆောက်အဦတစ်လုံးကို ငွေကျပ်သန်း ၂၁၀ ဖြင့် ယခု ၂၀၁၈ ခုနှစ်အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ အသုံးပြုဆောက်လုပ်ပေးသွားမှာ ဖြစ်ပါတယ်။ အခုမိုးကုန်မှာ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့

မေးခွန်းနှင့်စပ်လျဉ်းပြီး အရေးပေါ်ဆောင်ရွက်ပေးနေမှု၊ ထောက်ပံ့နေမှုအခြေအနေများကို သိရှိနိုင်ပါရန်နှင့် ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာအရ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဟာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ချင်းပြည်နယ်အစိုးရအဖွဲ့တို့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး မတူပီမြို့ မြေပြိုခြင်းများကို အရေးပေါ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်၍ နည်းပညာအကူအညီများရယူကာ မြေပြိုမှုထိန်းသိမ်းရေးများကို လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အခါအားလျော်စွာပေါ်ပေါက်သော အလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်ကန်မှုများနှင့်ပတ်သက်၍ ကြားဖြတ်အစီရင်ခံစာထုတ်ပြန်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အခါအားလျော်စွာ ပေါ်ပေါက်တတ်သော လုပ်ငန်း၊ စာရင်းများနှင့်ပတ်သက်၍ အလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်ကန်မှုများအား စစ်ဆေး၍ ကြားဖြတ်ထူးခြားသောအစီရင်ခံစာ ထုတ်ပြန်နိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁ အရ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် တင်ပြခြင်းနှင့် ထူးခြားသောအခြေအနေကို အခါအားလျော်စွာ တင်ပြရမည်ဟု ပြဋ္ဌာန်းထားသော်လည်း တစ်နှစ်လျှင်တစ်ကြိမ် ပုံမှန်စစ်ဆေးတွေ့ရှိတဲ့ အစီရင်ခံစာ လွှတ်တော်အသီးသီးတွင် တင်ပြသော်လည်း ဝန်ကြီးဌာနများ၏လုပ်ငန်း၊ စာရင်းနှင့်ပတ်သက်၍ ထူးခြားသောအခြေအနေများအား တစ်ကြိမ်တစ်ခါမျှ ကြားဖြတ်အစီရင်ခံစာတင်ပြမှုမရှိကြောင်း တွေ့ရှိရပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရ ခန့်မှန်းခြေစာရင်းပါ ရငွေများနှင့် အသုံးစရိတ်များအား ပြည့်ဝစွာနှင့် ထိရောက်အကျိုးရှိစွာဆောင်ရွက်ထားခြင်းရှိ/မရှိ၊ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှုရှိ/မရှိ၊ ကုန်ကျစရိတ်နှင့် အကျိုးသက်ရောက်မှုများကို နှိုင်းယှဉ်စစ်ဆေးရပါတယ်။ စစ်ဆေးသူများအား ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ တာဝန်ပေးချက်အရ စစ်ဆေးခြင်း၊ ကိစ္စတစ်ရပ်စစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းတို့တွင် လုပ်ငန်းနှင့် စာရင်းများအပေါ် ဘက်စုံစစ်ဆေးခြင်း(Comprehensive

Auditing) ပြုလုပ်ရပါတယ်။ ဘက်စုံစစ်ဆေးရာမှာ လုပ်ငန်းဆောင်ရွက်မှုကိုစစ်ဆေးခြင်း (Performance Auditing) နဲ့ ဘဏ္ဍာရေးစာရင်းများကို စစ်ဆေးရေး (Financial Auditing) ရည်မှန်းချက်(Objective) စစ်ဆေးရေးနည်းလမ်းများ(Methods)နဲ့ အလွဲသုံးစားလုပ်နိုင်တဲ့နေရာ risk Area တွေကို လက်တစ်ဆုံးစစ်ဆေးခြင်း မိမိလိုချင်သော စစ်ဆေးတွေ့ရှိချက်၊ ကန့်ကွက်ချက်များကိုရမှာပါ။ ရရှိလာသည့်စစ်ဆေးတွေ့ရှိချက်၊ ကန့်ကွက်ချက်များကို တိုတိုနှင့်လိုရင်းကို ထိရောက်စွာအစီရင်ခံစာရေးသားရပါတယ်။ စစ်ဆေးခြင်းမှာလည်း ကြိုတင်စစ်ဆေးခြင်း (Pre-Audit) နဲ့ အချိန်နှောင်းမှစစ်ဆေးခြင်း (Post-Audit) ရှိပြီး ကြိုတင်စစ်ဆေးခြင်း (Pre-Audit) လုပ်ခြင်းဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ခန့်မှန်းခြေရငွေများအား အချိန်နှင့်တစ်ပြေးညီ ကောက်ခံနိုင်ခြင်း၊ ခွင့်ပြုထားသောအသုံးစရိတ်များအပေါ် အလွဲသုံးစားမှု၊ မမှန်မကန်မှု၊ မသမာမှုများကို အချိန်မီဟန့်တားနိုင်သဖြင့် ပြည်သူ့ဘဏ္ဍာငွေများ ယိုဖိတ်မှုလျော့နည်းနိုင်ပါတယ်။ ခေတ်အဆက်ဆက် မသမာမှု၊ အလွဲသုံးစားမှု၊ မမှန်ကန်မှု၊ လေလွင့်ဆုံးရှုံးမှု၊ အကျင့်ပျက်ခြစားမှုများကြောင့် နိုင်ငံရဲ့ ဘတ်ဂျက်လိုငွေ အများအပြားပေါ်ပေါက်နေသည့်မှာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အခုလို ဒီမိုကရေစီခေတ်ပြောင်းကာလမှာ စစ်ဆေးသူများ အနေဖြင့် မိမိတို့ရဲ့ အတွေ့အကြုံ၊ ကျွမ်းကျင်မှုများ၊ အတတ်ပညာရှင်ဆိုင်ရာ သတိသံပဇဉ် (Due Professional Care) ဖြင့် သစ္စာရှိရှိ၊ သတ္တိရှိရှိနဲ့ ထူးခြားမှုရှိသော ကြားဖြတ်အစီရင်ခံစာများကို ထုတ်ပြန်သင့်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ဟာ အခုအချိန်မှာ လိုငွေတွေဟာ ဘီလီယံ ၅၀၀၀ နီးပါးလောက်ဖြစ်နေပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေးအခြေအနေဟာ ယိုင်နဲ့နေတဲ့ ခိုင်မာမှုမရှိတဲ့အခြေအနေဖြစ်နေပါတယ်။ အဲဒါကြောင့် စစ်ဆေးသူများဟာ တိုင်းပြည်ရဲ့ ယိုပေါက်၊ ဟာပေါက်တွေကို ပိတ်ဆို့တဲ့လူတွေဖြစ်ရပါမယ်။ အဲဒါကြောင့် ကျွန်တော်တို့ဟာ ရငွေတွေကို ထိထိရောက်ရောက် အပြည့်အဝအကောင်အထည်ဖော်မှုရှိ/မရှိ၊ သွင်း/မသွင်း ထိရောက်စွာစစ်ဆေးရမယ်။ ထိုနည်းတူပဲ အသုံးစရိတ်တွေကိုလည်း မမှန်ကန်မှု၊ အလွဲသုံးစားမှု၊ မသမာမှု၊ အဟောသိကံဖြစ်နိုင်တဲ့ စီမံကိန်းများကို ထိထိရောက်ရောက်စစ်ဆေးပြီးတော့ တကယ့်ထူးခြားပြောင်မြောက်ကောင်းမွန်တဲ့ ကြားဖြတ်အစီရင်ခံစာ ထုတ်ပြန်နိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သန်း(ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။။ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်၏ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အခါအားလျော်စွာ

ပေါ်ပေါက်သော အလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်ကန်မှုများနှင့်ပတ်သက်ပြီး ကြားဖြတ်အစီရင်ခံစာ ထုတ်ပြန်နိုင်ခြင်းရှိ/မရှိ မေးမြန်းထားခြင်းဖြစ်ပါတယ်။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေနဲ့ စစ်ဆေးတွေ့ရှိချက်တစ်ရပ်သည် အရေးကြီးပြီး သက်ဆိုင်ရာသို့ အလျင်အမြန်အသိပေးရန် လိုအပ်သည်ဟု ယူဆပါက သက်ဆိုင်ရာအဖွဲ့အစည်းသို့ ကြားဖြတ် အစီရင်ခံစာပေးပို့ရန် စာရင်းစစ်းချုပ်ရုံးလက်စွဲ အပိုဒ် ၄၅ တွင်လည်းကောင်း၊ အရေးကြီးသော စစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာပြုစုပြီးသည်အထိ စောင့်ဆိုင်းမနေဘဲ အမြန်ဆုံး ပြုစုတင်ပြရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၁၆-၅-၂၀၁၁ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၁) အပိုဒ် ၁၁ တွင်လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ရုံး၏ ၂၅-၉-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၄/၂၀၁၇) အပိုဒ် ၄ (ဃဃ) တွင်လည်းကောင်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။

ယင်းကဲ့သို့ ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များကလည်း ဌာန/အဖွဲ့အစည်းများကို စစ်ဆေးရာမှာ တွေ့ရှိရတဲ့အလွဲသုံးစားမှု၊ မသမာမှု၊ လေလွင့်ပြုန်းတီးမှု၊ မမှန်ကန်မှုများနှင့်ပတ်သက်ပြီးတော့ ကြားဖြတ်အစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ပေးပို့ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လိုအပ်သလိုစီမံခန့်ခွဲ ဆောင်ရွက်နိုင်ရန် အကြောင်းကြားပါတယ်။ ဒါ့အပြင် စစ်ဆေးတွေ့ရှိချက်များရဲ့ အရေးပါမှု ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့လည်းပဲ တင်ပြတဲ့ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပြင်ဆင်သည့်ဥပဒေ (၂၀၁၈) ပုဒ်မ ၁၁ ပုဒ်မခွဲ(န)တွင် အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ခုခုကို စစ်ဆေးရာ တွင် ယင်းအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းခွင်အလေအလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားပြုသူများ လောလောဆယ်ဖြစ်ပေါ်နေခြင်းကို ချက်ချင်းရပ်တန့်တားဆီးရန် လိုအပ်တယ်လို့ ယူဆပါက ပုဒ်မခွဲ(န) ပုဒ်မခွဲငယ်(၁)တွင် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံ ချက်ချင်းအကြောင်းကြားပြီး အဖွဲ့အစည်း၏ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်ထံ အကြောင်းကြားပါတယ်။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အကြီးအမှူးက အရေးယူဆောင်ရွက်မှုမရှိလျှင် ပုဒ်မခွဲ(န) ပုဒ်မခွဲငယ်(၂) ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရထံ အစီရင်ခံတင်ပြရန်ဟု ပြဋ္ဌာန်းထားပါသဖြင့် ယင်းပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက် လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**သစ်တောနယ်မြေများအတွင်း စိုက်ထူထားသော ဆက်သွယ်ရေးတာဝါတိုင်များ၏ မြေငှားရမ်းခြင်းအတွက် ကုမ္ပဏီမှပေးသော အခကြေးငွေများသည် အခွန်အဖြစ်နိုင်ငံတော်ဘဏ္ဍာသို့ ရောက်ရှိခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးလိုတဲ့မေးခွန်းမှာ မြန်မာနိုင်ငံရဲ့ သစ်တောနယ်မြေများအတွင်း စိုက်ထူထားသော ဆက်သွယ်ရေးတာဝါတိုင်များရဲ့ မြေငှားရမ်းခြင်းအတွက် ကုမ္ပဏီမှပေးရသော အခကြေးငွေများမှာ အခွန်အဖြစ် နိုင်ငံတော်ဘဏ္ဍာအတွင်းသို့ ရောက်ခြင်းရှိ/မရှိနှင့် အခွန်အဖြစ် ရောက်ရှိပါက မည်မျှရောက်ရှိကြောင်း၊ ထို့နောက် နိုင်ငံတော်မှ သစ်တောနယ်မြေအတွင်း ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူခွင့်ရှိ/မရှိနှင့် စိုက်ထူပါက အချိန်မည်မျှကန့်သတ်ခွင့်ပြုထားကြောင်း သိလိုပါသဖြင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးမြန်းရခြင်းအကြောင်းအရင်းမှာ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများတစ်ဦးနှင့်တစ်ဦး အလျင်အမြန်ချိတ်ဆက်မိရန်နှင့် ဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် တာဝါတိုင်များကို နေရာအနှံ့ စိုက်ထူခဲ့ကြပါတယ်။ ဒီလိုစိုက်ထူတဲ့အခါ လူနေအိမ်၊ ခြံများ၊ ပိုင်ရှင်ရှိတဲ့ ယာမြေများနှင့် သစ်တောပိုင်နယ်မြေများမှာ စိုက်ထူလျက်ရှိပါတယ်။ ပုဂ္ဂလိကပိုင်မြေများပေါ်တွင် စိုက်ထူပါက မြေပိုင်ရှင်နှင့် သက်ဆိုင်ရာကုမ္ပဏီတို့ သဘောတူစာချုပ်ချုပ်ဆိုကြပြီး မြေငှားရမ်းခကို ပိုင်ရှင်များထံပေးဆောင်ကြ၍ စာချုပ်သက်တမ်းကို ၁၀ နှစ် သို့မဟုတ် ၁၅ နှစ်ချုပ်ဆိုကြတယ်လို့ သိရပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ အနည်းငယ်တင်ပြဆွေးနွေးလိုတာက လူနေအိမ်များအတွင်းမှာ စိုက်ထူခြင်းဟာ အိမ်နီးချင်းများရဲ့ သဘောတူညီမှုကိုရယူပြီး စိုက်ထူကြတယ်လို့ ဆိုပါတယ်။ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ လူနေထူထပ်သော ရပ်ကွက်၊ ကျေးရွာများအတွင်းမှာ စိုက်ထူခြင်းဟာ မဖြစ်သင့်ဘူးလို့မြင်ပါတယ်။ တာဝါတိုင်စိုက်ထူလို့ ခံစားခွင့်ရသူအတွက် အဆင်ပြေနိုင်ပေမဲ့ ပတ်ဝန်းကျင်အတွက်တော့ ရေရှည်မှာကျန်းမာရေးရော၊ လူမှုရေးပါ ပြဿနာရှိပါတယ်။ ပြီးတော့ သစ်တောနယ်မြေအတွင်း စိုက်ထူရာမှာလည်း ဌာနနှင့်ပြည်သူတို့ အငြင်းပွားနေဆဲနေရာမှာ တာဝါတိုင်စိုက်ခြင်းများလည်း ရှိပါတယ်။ ဖြေရှင်းရခက်ခဲတဲ့ ပြဿနာတွေဖြစ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်မြေအတွင်းရှိ ပန်းညိုကာကွယ်တောထဲမှာ Telenor တာဝါတိုင်စိုက်ထူထားပါတယ်။ ခုနက ကျွန်မတင်ပြခဲ့သလို ဌာနနှင့်ပြည်သူအငြင်းပွားနေတဲ့ နေရာမှာ တာဝါတိုင်စိုက်ထူခြင်းဖြစ်ပါတယ်။ ပြည်သူမှာမိမိရဲ့ နွားစားကျက်ကို ပန်းညိုကာကွယ်တောအဖြစ် သစ်တောဌာမှ သိမ်းဆည်းခြင်းခံရလို့ ရင်ထဲက သောကမီးတောက်လောင်နေချိန်မှာ မိမိမြေပေါ်မှာ တာဝါတိုင်စိုက်ထူပြီး မြေငှားရမ်းခမရတဲ့အတွက် စိတ်ဖောက်ပြားသွားတာတွေ့ရပါတယ်။ ထို့အတူ စိုက်ထားတဲ့တာဝါတိုင်ရဲ့ စာချုပ်သက်တမ်းကိုကြည့်တဲ့အခါ ငါးနှစ်သက်တမ်းသာ ချုပ်ဆိုထားတာတွေ့ရပါတယ်။ ဒါကြောင့် စာချုပ်သက်တမ်းကုန်ဆုံးသွားပါက ဘယ်လိုဆက်လက်ဆောင်ရွက်မလဲဆိုတာ သိချင်ပါတယ်။ နောက်ပြီး မြန်မာနိုင်ငံအတွင်း

သစ်တောဖုံးလွှမ်းမြေ ၂၅.၁၆ ရာခိုင်နှုန်းရှိပြီး ဧရိယာအားဖြင့် သိန်းပေါင်း ၄၂၀ ကျော်ဧကရှိတယ်လို့ သိရပါ တယ်။ ဒီဧကအတွင်းမှာ စိုက်ထူထားတဲ့ တာဝါတိုင်ပေါင်း ၂၄၃ တိုင်ရှိပြီး တာဝါတိုင်များမှာ မှန်ကန်တဲ့ စာချုပ်များရှိပါသလား။ ဒီလိုသစ်တောနယ်မြေအတွင်းမှာ တာဝါတိုင်စိုက်ထူခြင်းများမှာ ဥပဒေနဲ့ရော ညီညွတ်ပါသလဲဆိုတာ သိရှိလိုပါသဖြင့် အထက်ပါမေးခွန်းကို မေးမြန်းလိုက်ရခြင်းဖြစ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနုရဲ့ မြန်မာနိုင်ငံသစ်တောနယ်မြေများအတွင်း စိုက်ထူထားသော ဆက်သွယ်ရေးတာဝါတိုင်များ၏ မြေငှားရမ်းခြင်းအတွက် ကုမ္ပဏီမှ ပေးရသော အခကြေးငွေများသည် အခွန်အဖြစ် နိုင်ငံတော်ဘဏ္ဍာအတွင်းသို့ ရောက်ရှိခြင်းရှိ/မရှိနှင့် အခွန်အဖြစ်ရောက်ရှိပါက မည်မျှရောက်ရှိကြောင်း သိလိုခြင်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီး ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ(ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော)များမှ သစ်တောနယ်မြေများအတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ရွှေနဲ့ဓာတ်သတ္တုအမျိုးမျိုးတူးဖော်ခြင်း၊ လမ်းခင်းကျောက်တူးဖော်ခြင်း၊ ဆက်သွယ်ရေးတာဝါတိုင် စိုက်ထူရန် မြေငှားရမ်းခြင်းနှင့် အခြားမြေအသုံးချမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးဟာ ၁၉၉၂ ခုနှစ်၊ သစ်တော ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)နဲ့ ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေ ၂၀ နည်းဥပဒေခွဲ(က)တို့အရ ပုဂ္ဂလိက/ကုမ္ပဏီ/လုပ်ငန်းပိုင်ရှင်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့ကို ချင့်ချိန်ပြီးတော့ မြေနှစ်စဉ်ငှားရမ်းခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းတို့ကို စိစစ်ခွင့်ပြုလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မြန်မာနိုင်ငံသစ်တောနယ်မြေများအတွင်း စိုက်ထူထားတဲ့ ဆက်သွယ်ရေးတာဝါတိုင်များရဲ့ မြေငှားရမ်းခြင်းများနှင့်ပတ်သက်ပြီးတော့ သစ်တောဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတစ်ရပ်ဖြစ်တဲ့ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝါတိုင်များတည်ဆောက်ရန် သစ်တောမြေကို ကျွန်တော် Power Point မှာတင်ပြထားတဲ့အတိုင်း နှစ်ရှည်မြေငှားရမ်းခြင်းစနစ်နဲ့ ခွင့်ပြုထားတာရှိပါတယ်။ ဆက်သွယ်ရေး

အော်ပရေတာလိုင်စင်ရရှိထားတဲ့ MPT, Telenor, Ooredoo Operator တွေဟာ ကိုယ်တိုင် သို့မဟုတ် မိမိတို့ရဲ့တစ်ဆင့်ခံ တာဝါတိုင်တည်ဆောက်ရေးကုမ္ပဏီ (Vendor) များမှ ရေဒီယိုစခန်းနဲ့ ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်မယ့်နေရာတည်နေရာ၊ အကျယ်အဝန်း၊ ဧရိယာ(ဧက) အလိုက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူပြီးတော့ လျှောက်ထားရပါတယ်။ အဲဒီလျှောက်ထား ရာကို နေပြည်တော်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှာ တင်ပြထားတဲ့ ရေဒီယိုစခန်းနဲ့ ဆက်သွယ်ရေးတာဝါတိုင်မြေနေရာကို သစ်တောမြေအတွင်း ကျရောက်ခြင်းရှိ/မရှိ၊ ခွင့်ပြုခြင်းရှိ/မရှိတို့ကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး သစ်တောဦးစီးဌာနသို့ ကွင်းဆင်းပြီး စစ်ဆေးခိုင်းပါတယ်။

အဲဒီကွင်းဆင်းစစ်ဆေးချက်အရ တင်ပြလျှောက်ထားတဲ့မြေဟာ သစ်တောမြေအတွင်း ကျရောက် တဲ့ အဖိုးတန်အပင်ကြီးများနဲ့ ကင်းလွတ်တယ်ဆိုလို့ရှိရင် အဲဒီအပြင် အခြားမြေအသုံးချမှုနဲ့ ကင်းလွတ် တယ်ဆိုရင် တာဝါတိုင်တည်ဆောက်ခွင့်ပြုကြောင်းကို ပြည်ထောင်စုဝန်ကြီးရုံးထံ ပြန်ပြီးတင်ပြရပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ ခွင့်ပြုချက်အရ တာဝါတိုင်တည်ဆောက်ခွင့်ပြုမိန့်ရလို့ရှိရင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ နေရာဒေသအလိုက်၊ ဧရိယာအကျယ်အဝန်းအလိုက် သတ်မှတ်ထားတဲ့ မြေငှားရမ်းခ၊ လုပ်ငန်းအာမခံ (၁ နှစ်စာ မြေငှားရမ်းခ၊ မြေအသုံးချမှုပရီမီယံ (တာဝါ တိုင် ၁ စင်လကို ၉၀၀၀၀ ကျပ်နှုန်း) နှင့် လုပ်ငန်းကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း ပေးသွင်းစေပြီးတော့ တာဝါ တိုင်ကို ကြိုတင်ဆောက်ခွင့်ပြုပါတယ်။ ဌာန/အဖွဲ့အစည်း/ကုမ္ပဏီများက တာဝါတိုင်အမျိုးအစား အလိုက် မြေနေရာအကျယ်အဝန်းကို နှုန်းတွေနဲ့ရှိပါတယ်။ ၆၀ ပေ x ၆၀ ပေအတွက်ဆိုရင်တော့ တစ်လ ကို ၂၀၀၀၀၀ နှုန်း ဖြစ်ပါတယ်။ မြေနေရာအကျယ်အဝန်း ၁၁၀ ပေ x ၁၁၀ ပေ အတွက်ဆိုလို့ရှိရင်တော့ ၄၀၀၀၀၀ နှုန်း ဖြစ်ပါတယ်။ မြေနေရာအကျယ်အဝန်း ၂၁၆ ပေ x ၂၁၆ အတွက်ဆိုလို့ရှိရင်တော့ တစ်လ အတွက် ငှားရမ်းခနှုန်းထားကတော့ ၈၀၀၀၀၀ ကျပ်ဖြစ်ပါတယ်။ အဲဒီနှုန်းများနဲ့ ခရိုင်သစ်တောဦးစီး ဌာနရဲ့ ငွေစာရင်းအမှတ်များကို ပေးသွင်းစေရပါတယ်။ သတ်မှတ်ထားတဲ့ မြေငှားရမ်းခနဲ့ အာမခံငွေများ ပေးသွင်းပြီးလို့ရှိရင်တော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုထားတဲ့ နှစ်ကာလအတိုင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးက အကြံပြုချက်ရယူထားတဲ့စာချုပ်အရ သစ်တောဦးစီးဌာန၊ ညွှန်ကြား ရေးမှူးချုပ်ရုံး၊ နေပြည်တော်မှာ မြေငှားရမ်းစာချုပ်ကို ချုပ်ဆိုရပါတယ်။ မြေငှားရမ်းစာချုပ်ချုပ်ဆိုပြီး နောက်မှာဆိုလို့ရှိရင် နေပြည်တော် ပြည်တွင်းအခွန်များဦးစီးဌာနမှာ တံဆိပ်ခေါင်းခွန်ပေးဆောင်စေ ရမှာတို့ဖြစ်ပါတယ်။

လျှောက်ထားတဲ့ တာဝါတိုင်မြေနေရာများနေရာဟာ အခြားမြေအသုံးချမှုများရှိနေပါက တစ်နည်း အားဖြင့် (ပုဂ္ဂလိကစိုက်ခင်းများ) အပင်များ လွတ်ကင်းလို့ရှိရင် လုပ်ငန်းရှင်ကို အသိပေးပြီးတော့ ဌာန စိုက်ခင်းအတွက်မှာ ကျရောက်လို့ရှိရင်လည်းပဲ အပင်များလွတ်လို့ရှိရင်လည်းပဲ ခွင့်ပြုလျက်ရှိပါတယ်။ အပင်ရှိလို့ရှိရင်တော့ အပင်လွတ်ကင်းရာကို အနည်းငယ်ရွှေ့ခိုင်းပါတယ်။ ရွှေ့ပြီးတော့ အဖိုးတန် ကျွန်းသစ်မျိုးတွေ ပါမယ်ဆိုရင်တော့ လုံးပတ် ၁ ပေနှင့်အထက်ကို ၁၅၀၀၀၊ အခြားသစ်မာအမျိုးတွေ ပါမယ်ဆိုလို့ရှိရင် လုံးပတ် ၁ ပေအထက်ကိုတော့ ၁ ပင်ကို ၇၅၀၀ ကျပ်နှုန်း လျော်ရပါတယ်။ ဒါပေမဲ့ လည်းပဲ တိုင်းဒေသကြီး/ပြည်နယ်အချို့မှာ သစ်တောနယ်မြေများဖွဲ့စည်းခဲ့စဉ်အခါက ဆိုင်ရာဆိုင်ခွင့်ပေး

ထားတဲ့ မြေဧရိယာအတွင်းမှာ တာဝါတိုင်များတည်ဆောက်မယ်ဆိုလို့ရှိရင် ဆိုင်ရာဆိုင်ခွင့်လုပ်ကိုင်ခွင့်ရရှိသူများနဲ့ ညှိနှိုင်းဖြေရှင်းရပါတယ်။ နောင်အခါ ၂၀၁၃ ခုနှစ် ကြိုးဝိုင်းကျူးကျော်စာရင်းကောက်ယူရရှိထာတဲ့ ကျေးရွာမြေများအစာရင်းထဲမှာပါဝင်ခဲ့တဲ့ ဥယျာဉ်ခြံမြေများ၊ နှစ်ရှည်စိုက်ခင်းမြေများနဲ့ ယာမြေများအတွင်း တာဝါတိုင်များ တည်ဆောက်မယ်ဆိုလို့ရှိရင်တော့ ခုနက စိုက်ပျိုးလုပ်ကိုင်တဲ့ တောင်သူများနှင့် ညှိနှိုင်းဖြေရှင်းရတဲ့ အခက်အခဲများနှင့်လည်း ကြုံရပါတယ်။ ဆက်သွယ်ရေးတာဝါတိုင်များတည်ဆောက်ခြင်းလုပ်ငန်းဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းဖြစ်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်တဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ သစ်တောနယ်မြေရဲ့ဌာနပိုင်နယ်မြေများမှာ အတတ်နိုင်ဆုံးခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးရဲ့တည်ဆောက်ခွင့်ပြုမိန့်ရရှိပြီးသော တိုင်းဒေသကြီး/ ပြည်နယ်အလိုက်၊ ကုမ္ပဏီ ၁၀ ခုအတွက် တာဝါတိုင်ပေါင်း ၂၄၁ တိုင်အနက် နေပြည်တော် သစ်တောဦးစီးရုံးချုပ်မှာ ပြီးခဲ့တဲ့ ၃၁-၇-၂၀၁၈ ရက်နေ့အထိ ကုမ္ပဏီများနှင့် နှစ်ရှည်မြေငှားစာချုပ် ချုပ်တာကတော့ တာဝါတိုင်ပေါင်း ၂၄၀ တိုင်ရှိပါတယ်။ တစ်တိုင်ကတော့ စာချုပ်ချုပ်ရန်အတွက်လုပ်ကိုင်နေဆဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး တည်ဆောက်ခွင့်ပြုမိန့်ရရှိပြီးဖြစ်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ တာဝါတိုင် ၂၄၁ တိုင်အနက် ကုမ္ပဏီများနှင့်နှစ်ရှည်မြေငှားစာချုပ်ချုပ်ဆိုပြီး တာဝါတိုင် ၂၄၀ တိုင်ကို သတ်မှတ်ထားတဲ့ မြေငှားရမ်းခ၊ လုပ်ငန်းအာမခံနှင့်လုပ်ငန်းကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းတို့အား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သက်ဆိုင်ရာ ခရိုင်သစ်တောဦးစီးဌာန၊ ငွေစာရင်းအမှတ်(ပြည်ထောင်စုရန်ပုံငွေစာရင်း)မှာ ပေးသွင်းစေခြင်းအားဖြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ၂၀၁၅ ခုနှစ်က ယခုအချိန်အထိ တာဝါတိုင် ၂၄၀ တိုင်အတွက်ကိုသစ်တောမြေငှားရမ်းခ စုစုပေါင်း ၁၃၄၅၂ သိန်းအား နိုင်ငံတော်သို့ ပေးသွင်းခဲ့ပြီးဖြစ်ပါကြောင်းရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ အခုလို ဖြေကြားပေးတဲ့ ဝန်ကြီးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါရှင်။ ကျွန်မမေးထားတဲ့ မေးခွန်းထဲမှာမင်းတုန်းမြို့နယ်မှာ စိုက်ထူထားတဲ့တာဝါတိုင်ဟာ စာချုပ်ကြည့်တဲ့အခါ ငါးနှစ်ပဲချုပ်ဆိုထားတာတွေ့ရပါတယ်။ ဝန်ကြီးပြောသွားတဲ့အထဲမှာ နှစ်ရှည်တာဝါတိုင်များဟာ နှစ်ရှည်ချုပ်ဆိုထားတယ်လို့ပြောသွားပါတယ်။ အဲဒီတော့ ကျွန်မတို့ မင်းတုန်းမြို့ရဲ့ တာဝါတိုင်ကတော့ ငါးနှစ်ပဲချုပ်ဆိုထားပါတယ်။ အဲတော့ အဲဒီသက်တမ်းငါးနှစ်ပဲချုပ်ဆိုထားတာ။ ငါးနှစ်သက်တမ်းကုန်သွားတဲ့အခါမှာ ဘယ်လိုများဆက်လက်ဆောင်ရွက်မှာလဲ ဆိုတာကို သိချင်ပါသဖြင့် ထပ်ဆင့်မေးခွန်းအနေနဲ့ ထပ်မံမေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ တာဝါတိုင်အတွက်ကိုတော့ ကျွန်တော် သီးခြား ပို့ဆောင်

ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ မေးမြန်းမှသိပါမယ်ခင်ဗျား။ ကျွန်တော့်မှာ Data တွေ တစ်ခုချင်း မရှိပါဘူးခင်ဗျား။ အဲဒီတော့ ကျွန်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။

**အာရှနိုင်ငံအချို့တွင် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည့် မန်ဂျန်းရှား(ဂျပန်ပိတောက်) Acacia Mangium သစ်ပင်အမျိုးအစားကို နိုင်ငံအနှံ့ကျယ်ပြန့်စွာစိုက်ပျိုးလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုဖောက်ပြန်မှုများ၊ သဘာဝကပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများ၊ ဂေဟစနစ်ပျက်စီးမှုများ၊ သစ်တောသစ်ပင်ရှားပါးလာမှုကြောင့် ကျေးလက်နေပြည်သူတွေခံစား နေရတဲ့ နေအိမ်ဆောက်လုပ်ရန်နှင့် သစ်ဈေးနှုန်းကြီးမြင့်မှုတွေ၊ အိမ်ဆောက်သစ်အမျိုးအစားရှားပါး လာခြင်းနှင့် အိမ်သုံးပစ္စည်းပြုလုပ်ရန်ခက်ခဲမှု၊ ချက်ပြုတ်ရန်သစ်တောသစ်ပင်များရှားပါးလာမှုစတဲ့ အခက်အခဲပြဿနာတွေကို အထိုက်အလျောက်ပြေလည်လာစေနိုင်ဖို့ ယူဆတဲ့အတွက် ဩစတေးလျ နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ အခုမြန်မာနိုင်ငံမှာလည်း စီးပွားဖြစ်အနေနဲ့ စိုက်ပျိုးနေကြတဲ့ Acacia လို့ခေါ်တဲ့ မလေးရှားပိတောက်မဟုတ်တဲ့ ဂျပန်ပိတောက်တို့ခေါ်တဲ့ မန်ဂျန်းရှား Acacia mangium လို့ခေါ်တဲ့အကြီးမြန်တဲ့သစ်ပင် သစ်မာအမျိုးအစားကို တွင်တွင် ကျယ်ကျယ်စိုက်ပျိုးလာစေချင်တဲ့ဆန္ဒနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီသစ်အမျိုးအစားဟာ ညိုဝါရောင်ရှိပြီးတော့ ကျွန်းလိုသစ်ခွဲသားမှာ အကွက်လေးတွေပါပြီးတော့ တစ်နှစ်ကို ၁၀ ပေလောက် ထိ ကြီးထွားနှုန်းမြန်ပြီး ၁၀ နှစ်လောက်ဆိုလို့ရှိရင် ရောင်းတန်းဝင်တဲ့သစ်အမျိုးအစားဖြစ်ကြောင်း သိရပါတယ်။ ပြီးတော့လည်းပဲ ကိုင်းတက်တွေကိုများများခုတ်ပေးခြင်းအားဖြင့် ကြီးထွားနှုန်းပိုမြန် ပြီးတော့ ထင်းလိုအပ်ချက်ကိုလည်းပဲ သစ်ပင်ကိုခုတ်လှဲဖို့မလိုဘဲနဲ့ ကိုင်းတက်တွေကိုခုတ်ပြီး အသုံးပြု နိုင်လို့ သစ်ပင်သစ်တောပြုန်းတီးမှုကို ထိန်းသိမ်းနိုင်ကြောင်းသိရပါတယ်။ ဒီသစ်ပင်အမျိုးအစားဟာ မကြာခဏ အရွက်တွေကြွေလိုက်၊ ပြန်ထွက်လိုက်ဖြစ်တဲ့အတွက်ကြောင့် မြေဆီလွှာကိုထိန်းအားလည်း ပိုကောင်းပြီးတော့ မြေအမျိုးအစားမရွေးစိုက်ပျိုးနိုင်တယ်လို့လည်း သိရပါတယ်။ ဒါပေမဲ့ အအေးလွန်ကဲတဲ့နေရာတွေကို စိုက်ပျိုးလို့မရနိုင်ကြောင်းနဲ့ အပူချိန် ၁၅ ဒီဂရီနဲ့ ၂၂ ဒီဂရီစင်တီဂရိတ် ရှိတဲ့ဒေသတွေမှာ ပိုပြီးတော့ဖြစ်ထွန်းတယ်လို့သိရပါတယ်။ အမြင့်မီတာ ၃၀ ရှိနိုင်ပြီးတော့ ၁၀ နှစ် အရွယ်ဆိုလို့ရှိရင် သစ်လုံးရဲ့အချင်းတစ်ပေ၊ တစ်ပေခွဲလောက်ရှိနိုင်ပြီးတော့ အပင်ကဖြောင့်တန်းလို့ သစ်ခွဲသားပြုလုပ်လို့အလွန်ကောင်းကြောင်းနဲ့ ခုနစ်ပေခြားလောက်စိုက်နိုင်မယ်ဆိုလို့ရှိရင် တစ်ဧက ကို အပင်ရေ ၉၀၀ လောက်ထိ စိုက်နိုင်တယ်လို့သိရပါတယ်။ အပင်စိပ်လို့ အပင်လှီခြင်း၊ သေးခြင်း မရှိဘဲနဲ့ ဖြောင့်တန်းပြီးတော့ ရှင်သန်နိုင်တဲ့အတွက်ကြောင့် အကိုင်းအခက်တွေခုတ်ပေးဖို့လိုကြောင်း

သိရပါတယ်။ ရွှံ့မြေလိုမြေမျိုးကိုတော့ စိုက်ပျိုးလို့မရကြောင်းသိရပါတယ်။ ဒီသစ်စေ့တွေ၊ မျိုးစေ့တွေ ဆိုရင် တစ်ကီလိုကို အစေ့တစ်သိန်းကျော်လောက်ရှိကြောင်းသိရပြီးတော့ အပင်ပျိုးတဲ့အခါမှာလည်း နှစ်စေ့လောက် ထည့်ပြီးပျိုးရကြောင်းလည်းသိရပါတယ်။ အပင်ပျိုးဖို့အတွက်ကို အစေ့ကိုရေနွေးဆူဆူ မှာထည့်ပြီးတော့ ချက်ချင်းပြန်ဆယ်ပြီးတော့ ရေအေးအေးမှာချက်ချင်းပြန်စိမ်ပြီး သုံးကြိမ်လောက် ပြုလုပ်ပြီး စိုက်ပျိုးကြတယ်လို့သိရပါတယ်။ တချို့ကတော့ ညပိုင်းမှာရေစိမ်ထားပြီးတော့ နေ့ပိုင်းမှာ လေသလပ်ခံပြီးစိုက်ပျိုးကြကြောင်းလည်း သိရပါတယ်။ ဒီသစ်မျိုးကို နယူဂီနီမှာစပြီးတော့ စိုက်ပျိုး ကြောင်းသိရပြီးတော့ ကျွန်တော်တို့မြို့နယ်မှာလည်းပဲ ကုမ္ပဏီတစ်ခုက ဒေါနတောင်ခြေမှာ ဧက ၅၀၀၀ လောက် စမ်းသပ်စိုက်မယ်လို့ သိရပါတယ်။

Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ ဒါကတော့ မန်ဂျန်းရှားသစ်ပင်စိုက်ခင်းလေး ဖြစ်ပါတယ်။ ဒါကလည်း စိုက်ခင်းဖြစ်ပါတယ်။ ဒါကတော့ မန်ဂျန်းရှားစိုက်ခင်းသစ်ပင်လေးတွေ ဖြစ်ပါ တယ်။ ဒါလည်း စိုက်ခင်းလေးတွေဖြစ်ပါတယ်။ ဒါကတော့ သစ်ပင်လုံးတွေဖြစ်ပါတယ်။ ဒါက သစ်ခွဲသားဖြစ်ပါတယ်။ ဒါက အဲဒီသစ်ကခွဲလိုက်တဲ့ သစ်ခွဲသားလေးတွေဖြစ်ပါတယ်။ အဲဒီတော့ ဒီလို သစ်မာအမျိုးအစားဖြစ်လို့ နေအိမ်ဆောက်လုပ်ခြင်း၊ အိမ်ဆောက်ပရိဘောဂတွေဆောက်လုပ်ခြင်းနှင့် ချက်ပြုတ်ဖို့ထင်းတွေအတွက်ကို သစ်ပင်ကိုခုတ်လှဲဖို့မလိုဘဲနဲ့ အကိုင်းအခက်တွေကို ခုတ်ပြီးတော့ သုံးလို့ရတဲ့အတွက်ကြောင့်မို့လို့ ကျေးလက်နေပြည်သူတွေအတွက် အတော်လေးအသုံးဝင်မှာဖြစ်လို့ ကျေးရွာသုံးစိုက်ခင်းတွေ၊ နေအိမ်ခြံဝင်းတွေနဲ့ မိုးရာသီသစ်ပင်စိုက်ပွဲတော်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာနိုင်မယ်ဆိုရင် နိုင်ငံရဲ့သစ်တောပြုန်းတီးမှုတွေကို အထိုက်အလျောက်အမြန်ဆုံးကာကွယ် ဖြည့်ဆည်းပေးနိုင်တော့မှာဖြစ်တဲ့အပြင် ကျေးလက်နေပြည်သူများအတွက် အကျိုးများနိုင်တဲ့အတွက် အကြီးမြန်တဲ့ မန်ဂျန်းရှားလို့ခေါ်တဲ့ ဂျပန်ပိတောက်သစ်အမျိုးအစားကို နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာနိုင်ရေး ဗဟုသုတဖြန့်ဖြူးပေးခြင်း၊ အားပေးကူညီဆောင်ရွက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့ အာရှနိုင်ငံအချို့တွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိသည့် မန်ဂျန်းရှား(ဂျပန်ပိတောက်) Acacia mangium သစ်ပင်အမျိုးအစားကို နိုင်ငံ အနှံ့ကျယ်ပြန့်စွာစိုက်ပျိုးလာနိုင်ရေး ဗဟုသုတဖြန့်ဖြူးပေးခြင်း၊ အားပေးကူညီဆောင်ရွက်ခြင်း အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းပြီး ကျွန်တော် ဖြေကြားသွားမှာပါ။ ကိုယ်စားလှယ်တော်ကြီးရဲ့ ဒီသစ်ပင် အကြောင်းကိုပြည့်ပြည့်စုံစုံ Power Point နဲ့ရှင်းလင်းသွားတာ အင်မတန်ကိုမှ ကျေးဇူးတင်ပါတယ်။

ကျွန်တော့်အား Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ အကေးရှားသစ်ပင်မျိုးရဲ့မူလဒေသကတော့ ဩစတြေးလျအရှေ့မြောက်ပိုင်း၊ ပါပူရာနယူဂီနီနဲ့ အင်ဒိုနီးရှားအရှေ့ပိုင်း မိုလူကာကျွန်းစုများမှာ အပူပိုင်းစွတ်စိုတဲ့သစ်တောတွေ (humid tropical forests)တွေမှာဖြစ်ပြီးတော့ သူ့မျိုးရင်းကတော့ Leguminoseae ဖြစ်ပါတယ်။ မျိုးစုက Acacia ၊ မျိုးစိတ် mangium Willd ဖြစ်ပါတယ်။ ၁၉၆၀ ခုနှစ်မှာ မလေးရှားနိုင်ငံ၊ ဆာဘာပြည်နယ်နဲ့ တောင်အာဖရိကနိုင်ငံမှာ စတင်စိုက်ပျိုးပြီး ဒီဘက်ပိုင်းမှာ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါပူရာနယူဂီနီနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့မှာ ကျယ်ပြန့်စွာ စိုက်ပျိုးလာပါတယ်။ မြေဆီအဟာရချို့တဲ့ပြီး အက်ဆစ်ဓာတ်ပေါက်တဲ့ မြေအမျိုးအစားနဲ့ မြေအတန်းအစား ကျတဲ့နေရာမျိုးမှာ သံဓာတ်နဲ့အလူမီနီယံအောက်ဆိုဒ်ဓာတ်များ များပြားစွာပါဝင်တဲ့ မြေအမျိုးအစားမှာ ကောင်းစွာဖြစ်ထွန်းတဲ့အပင်ဖြစ်ပါတယ်။ ခြောက်သွေ့တဲ့ ရာသီဥတု၊ တိုတောင်းတဲ့ အပူပိုင်းမြေနိမ့်ဒေသများမှာလည်း အဓိကတွေ့ရပြီးတော့ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၈၀၀ ပေ ၂၅၀၀ ခန့်မှာတွေ့ရပြီးတော့ ကောင်းစွာပေါက်နိုင်ပါတယ်။ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်ကတော့ ၅၅ လက်မလောက်ကနေပြီးတော့ ၁၁၈ လက်မလောက်ထိကို ကောင်းကောင်း ပေါက်နိုင်ပြီးတော့ အနိမ့်ဆုံးအပူချိန်ကတော့ ၁၂ မှ ၁၆ ဒီဂရီစင်တီဂရိတ်၊ အမြင့်ဆုံးအပူချိန် ၃၁ မှ ၃၄ ဒီဂရီစင်တီဂရိတ် အထိ ပေါက်နိုင်ပါတယ်။ အာရှနဲ့ပစိဖိတ်ဒေသတစ်လျှောက် သစ်တောစိုက်ခင်းများ တည်ဆောက်ခြင်းတွေမှာ အကြီးမြန်တဲ့သစ်မျိုးဖြစ်ပြီးတော့ ခုနက ကိုယ်စားလှယ်တော်ကြီး ရှင်းလင်းပြသလိုပါပဲ။ ကျွဲနွားစာ၊ ထင်း၊ မီးသွေးလောင်စာ၊ စက္ကူပျော့ဖတ်၊ အဆောက်အအုံ၊ ပရိဘောဂ၊ သစ်ပါးလွှာ၊ အထပ်သားများပြုလုပ်ရာမှာ အသုံးပြုပါတယ်။ အထူးအားဖြင့် ဘက်စုံအသုံးဝင်တဲ့အပင် (Multi Purpose Tree) MPT ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာတော့ ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်နှင့် မွန်ပြည်နယ်၊ မုဒုံမြို့ တာပတွန်ပျိုးဥယျာဉ်မှာ စမ်းသပ်ပြီးစိုက်ပျိုးပါတယ်။ အဲဒီ ရှားမျိုးစိတ်များအနက် မန်ဂျန်းရှား(Acacia Mangium) ကဖြင့် ဒီ ဒေသရဲ့စိမ်းလန်းစိုပြည်ရေးနဲ့ ဒေသခံပြည်သူများရဲ့ ထင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် အကြီးမြန်တဲ့သစ်ပင်အဖြစ် ရွေးချယ်ပြီးတော့ သစ်တောဦးစီးဌာနက နှစ်စဉ်မျိုးရာသီလူထုဖြန့်ပျိုးပင် ဖြန့်ဝေစိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်းများ၊ ရေဝေရေလဲစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းမှာ မန်ဂျန်းရှားကို ကျွန်တော်တို့ အခြားသစ်မျိုးများနဲ့အတူ ရောနှောဖြန့်ဝေပြီးတော့ ပုဂ္ဂလိကကဏ္ဍ အနေနဲ့လည်းပဲ ခုနက မန်ဂျန်းရှားကို ပုဂ္ဂလိကစိုက်ခင်းများမှာ ပျဉ်းကတိုး၊ ပိတောက်၊ ယမနေ၊ ယင်းမာ၊ မဟော်ဂနီ စတဲ့သစ်မျိုးများနဲ့ရောနှောပြီးတော့ စိုက်ပါတယ်။

အစိုးရသစ်လက်ထက်မှာ သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနဲ့ သစ်တောဖုံးလွှမ်းမှုကောင်းမွန်လာစေရေးအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သစ်တောများပြန်လည်တည်ထောင်ခြင်း အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းလုပ်ငန်းများ(CF)၊ လူထုဖြန့်ပျိုးပင်

များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများအပါအဝင် စီမံကိန်းကာလအတွင်းမှာတော့ နိုင်ငံပိုင်သစ်တော စိုက်ခင်း ၁၀ နှစ်အတွင်းမှာ ၃၅၂၀၀၀ ဧကနှင့် ပုဂ္ဂလိကကဏ္ဍအနေနဲ့ သစ်တောစိုက်ခင်း ၂၈၅၁၀၀ ဧကကို တည်ထောင်မှာဖြစ်ပါတယ်။ အဆိုပါ စိုက်ခင်းများမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်သစ်မျိုး အပြင် ခုနက မန်ဂျန်းရှားသစ်မျိုးကိုလည်းပဲ တိုးမြှင့်ပြီးတော့ဖြန့်ဝေဖို့အတွက် စည်းရုံးပြီးဆောင်ရွက် သွားမှာဖြစ်ပါတယ်။

၂၀၀၀-၂၀၀၁ ခုနှစ်မှာ စိုက်ပျိုးထားတဲ့စပြီးတော့ အခုထိ မန်ဂျန်းရှားမျိုးကို မိုးရာသီလူထု ဖြန့်တဲ့နေရာမှာ အားလုံး ၁၅၀၄၁၄၈ ပင်ဖြန့်ဝေပြီးတော့ ကျေးရွာထင်းစိုက်ခင်းအနေနဲ့ ၁၃၅၂ ဧက၊ ရေဝေရေလဲစိုက်ခင်းအနေနဲ့ ၁၄၂၀ ဧကတို့မှာ အခြားသစ်မျိုးများနှင့် ရောနှောစိုက်ပျိုးခဲ့သလို ၂၀၁၄-၂၀၁၅ ခုနှစ်မှစပြီးတော့ ယခုအချိန်ထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင် ခြင်းလုပ်ငန်းများမှာလည်းပဲ ၅၈၉၉၈၅ ပင်ကို ကျွန်တော်တို့ဖြန့်ဝေစိုက်ပျိုးခဲ့ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်များအနေနဲ့ လုပ်ငန်းရှင် ၉၇ ဦးကနေပြီးတော့ ပုဂ္ဂလိကသစ်မာမျိုးစုံစိုက်ခင်း ဧကပေါင်း ၉၄၉၇ ဧကမှာ မန်ဂျန်းရှားသစ်မျိုးကို ပျဉ်းကတိုး၊ ပိတောက်၊ ယမနေ၊ ယင်းမာ၊ မဟော်ဂနီ စတဲ့ သစ်မျိုးများနဲ့ရောနှောပြီးတော့ ဆောင်ရွက်ခဲ့ပြီးတော့ ဖားကန့်၊ လုံးခင်း၊ ခန္တီး အစရှိတဲ့ ကျောက်စိမ်း တူးဖော်တဲ့နေရာများနဲ့ ရွှေနှင့်အခြားသတ္တုတူးဖော်တဲ့နေရာများမှာလည်း ၂၀၁၆ ခုနှစ် မိုးရာသီက စပြီးစိုက်ပျိုးလျက်ရှိပါကြောင်းနှင့် နိုင်ငံအနှံ့ကျယ်ပြန့်စွာ ဆက်လက်စိုက်ပျိုးနိုင်ရေးအတွက် မန်ဂျန်းရှားသစ်မျိုးရဲ့သွင်ပြင်လက္ခဏာ၊ ကြီးထွားမှု၊ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနည်းစနစ်နဲ့ အသုံးဝင်ပုံနှင့် ထုတ်ယူသုံးစွဲမှုများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများသိရှိ ဆောင်ရွက်ရန် ပညာပေးဟောပြောစည်းရုံးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တောဆင်ရိုင်းများ သတ်ဖြတ်ခံနေရမှုအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိမှုနှင့် လူသားတို့အတွက် အန္တရာယ်မရှိအောင် မည်သို့ကာကွယ်မှုများပြုလုပ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း၊**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ တောဆင်ရိုင်းတွေ သတ်ဖြတ်ခံနေရမှုအတွက် ဘယ်လိုစီမံဆောင်ရွက်ထားလဲ။ လူသားတွေအတွက် အန္တရာယ်မရှိအောင် ဘယ်လိုကာကွယ်မှုတွေ ပြုလုပ်ထားလဲဆိုတာ သိလိုလို့မေးမြန်းတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တောဆင်ရိုင်းတွေ တစ်ပတ်ကို တစ်ကောင်ကျ သတ်ဖြတ်ခံနေရပါတယ်။ တောဆင်ရိုင်း ၁၀၀၀၀ ကျော်ရှိခဲ့သော်လည်း အခုအခါမှာ ကောင်ရေ ၂၀၀၀ အောက် ကျဆင်းနေပါပြီ။ ဆင်မုဆိုးတွေကိုလည်း ပူးပေါင်းအဖွဲ့နှင့် အရေးယူ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ သူတို့အသုံးပြုတဲ့မြှား၊ မြှားဆိပ်တွေကို ဘယ်လိုဖော်စပ်သလဲ။ ဒီအတွက် တိကျတဲ့ဖြေဆေးရှိ/မရှိလည်း သိချင်ပါတယ်။ ကျွန်တော်တို့ ဆင်တွေကိုမေ့ဆေးပေးမယ်ဆိုရင် Atropine Hydro Chloride ဆိုတာထိုးပေးလိုက်ရင် ဆင်ကြီးကမေ့သွားပါတယ်။ ပြန်ပြီးတော့သတိရ

စေချင် ရင် ကျွန်တော်တို့က Diprenorphine ပြန်ထိုးပေးလိုက်ရင် ဆင်ကြီးက သတိရပါတယ်။ ဖြေဆေး ချက်ချင်းရှိမယ်ဆိုရင် မြှားဆိပ်မှန်ရင် ကုသလို့ရပါတယ်။ ဆင်မကြီးသားအမိ မြှားဆိပ်မှန် လိုက်တဲ့အခါမှာ ဆင်မကြီးဟာ သားလေးကို ကျေးရွာနားကိုခေါ်လာပြီးတော့ မျက်ခြေဖြတ်ထားခဲ့ပြီး တောထဲ ပြန်ဝင်ပြေးသွားပါတယ်။ တောထဲမှာ ဆင်မကြီးသေပါတယ်။ သားလေးကတော့ ကျေးရွာက လူတွေ စောင့်ရှောက်လို့ အသက်ရှင်ရပါတယ်။ အင်မတန်မှ သနားစရာကောင်းတဲ့ မိခင်မေတ္တာ ဇာတ်လမ်းလေးတစ်ပုဒ်ပါပဲ။ ကျေးဇူးပြုပြီး Power Point သုံးစွဲဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါက သီးနှံစိုက်ခင်းတွေ စဥ့်ကူးဘက်မှာပျက်တာ တောဆင်ရိုင်းကြောင့်လို့ပြောပါတယ်။ တိုက်ကြီးမှာ အိမ်ခြောက်လုံးနဲ့အပင်တွေ ပျက်တာဟာလည်းပဲ ဂျစ်ကားဆိုတဲ့ဆင်ကြီးကြောင့် ဖြစ်တယ်လို့ ပြောပါတယ်။ ဒီဂျစ်ကားဟာလည်းပဲ ငရုတ်သီးမှိုင်းတိုက်တာ၊ ဗျောက်အိုးဖောက်တာ၊ ထွန်စက်သံတွ ပေးတာ၊ လူအုပ်နဲ့မောင်းတာလည်း မကြောက်ပါဘူး။ ၂၀၁၄ ခုနှစ်မှာ မင်းလှဘက် မြောက်ဇာမဏီ ကြိုးဝိုင်းကို ပို့ပါတယ်။ ပြန်လာပါတယ်။ ၂၀၁၆ ခုနှစ်မှာ တစ်ခါထပ်ပို့ပါတယ်။ တစ်ခါ တိုက်ကြီးကိုပဲ ပြန်လာပါတယ်။ ဒါကတော့ မင်းလှမှာမပျော်ဘဲ တိုက်ကြီးမှာ ပျော်တဲ့ဇာတ်မင်းသားကြီး ဂျစ်ကာ ဖြစ်ပါတယ်။ လှည်းကူးမှာ တောဆင်ရိုင်းအနင်းခံရလို့ တစ်ယောက်သေပါတယ်။ ငွေဆောင်မှာ သေနေတဲ့ ဟိုင်းဆင်ပါ။ ဆင်မုဆိုး တွေကြောင့် အသတ်ခံရတာပါ။ ငပုတောဘက်မှာပါ။ အရေခွံခွာ တယ်။ နှာမောင်းဖြတ်ရောင်းတယ်။ အမြီးဖြတ်ရောင်းတယ်။ အရိုးရောင်းတယ်။ အသားရောင်းတယ် စသည်ဖြင့် ဆင်တစ်ကိုယ်လုံးမှောင်ခို ရောင်းတဲ့အတွက် ဆင်တွေ အခုလိုသတ်ဖြတ်ခံနေရခြင်း ဖြစ်ပါတယ်။ ပဲခူးဘက်၊ ကျောက်တံခါးဘက်မှာ သေတာပါ။ မြန်မာနိုင်ငံအတွင်းမှာ တောဆင်ရိုင်း အကောင်ရေ ၁၄၀ ကျော် သတ်ဖြတ်ခံနေရတယ် လို့ ပြောပါတယ်။ ၂၀၁၅ ခုနှစ်မှာ ၃၅ ကောင်၊ ၂၀၁၆ ခုနှစ်မှာ ၂၆ ကောင်၊ ၂၀၁၇ ခုနှစ်မှာ ၅၉ ကောင် အထိ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှာ သတ်ဖြတ်မှုခံရတာတွေ များပါတယ်။ ဒါက ဩဂုတ်လ ၁၂ ရက်နေ့မှာကျရောက်တဲ့ ကမ္ဘာ့ဆင်များနေ့ကို ကျင်းပတာပါ။ မြန်မာနိုင်ငံမှာ ပထမဦးဆုံး ဆင်ပြတိုက်ကို ဖွင့်လှစ်တော့မှာပါ။ မနေ့က မြန်မာ့အလင်းဆောင်းပါးမှာ ပါလာတာဖြစ်ပါတယ်။ ဆင်တွေကို ထိန်းဖို့အတွက် ဆင်ထိန်းသိမ်းရေးဥပဒေတွေလုပ်ခဲ့ပါတယ်။ ၁၈၇၉ ခုနှစ် ကုန်းဘောင်ခေတ် ကတည်းကပါ။ ၁၈၈၃ ခုနှစ်မှာ ပြန်လည်ပြင်ဆင်ခဲ့ပါတယ်။ ၁၉၃၆ ခုနှစ် ကိုလိုနီခေတ်မှာ သားရဲ တိရစ္ဆာန်ကာကွယ်ရေးဥပဒေ(The Wildlife Protection Act, 1936) ပြဋ္ဌာန်းခဲ့ပါတယ်။

၁၉၉၄ ခုနှစ်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေ များ ထိန်းသိမ်းရေးဥပဒေထုတ်ခဲ့ပါတယ်။ အဲဒီလို ထုတ်ခဲ့ပေမဲ့လည်းပဲ တောဆင်ရိုင်းတွေက အသတ် ခံနေရဆဲပါ။ လူတွေနဲ့ ပဋိပက္ခတွေလည်း ဖြစ်နေဆဲပါပဲ။ အဲဒီတော့ တောဆင်ရိုင်းတွေကို လုံးဝ ကာကွယ်ထားတဲ့တိရစ္ဆာန်၊ သာမန်ကာကွယ်ထားတဲ့တိရစ္ဆာန်၊ ရာသီအလိုက်ကာကွယ်ထားတဲ့တိရစ္ဆာန် ဆိုပြီး ခွဲခြားထားမှုတွေ ရှိပါသလား။ ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(ဂ)(ဃ) အရ ကာကွယ်ထိန်းချုပ်ဖို့လိုပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေ၊ အမာခံထိန်းသိမ်းရေးနယ်မြေ၊ ကြားခံနယ်မြေ စသည်ဖြင့် သတ်မှတ်ထားခြင်းရှိပါသလား။ အဲဒီလိုရှိခဲ့ရင်လည်းပဲ ပြည်သူအားလုံး

သိရှိအောင် ပြည်သူလူထုကြီးရဲ့ကိုယ်စားပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာ သန်းအောင်စိုး မေးမြန်းတဲ့မေးခွန်းနဲ့ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းမယ့်မေးခွန်း နှစ်ခုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တစ်ပါတည်း ဖြေကြားသွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

**မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တောဆင်ရိုင်းများကို သတ်ဖြတ်နေခြင်းအား တားဆီးကာကွယ်ရန် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ တောဆင်ရိုင်းများ၊ မြန်မာ့ဆင်မျိုးစိတ်များ ရေရှည်တည်တံ့စေရေးအတွက် မည်သည့် စီစဉ်ထားရှိပါသလဲလို့ ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရခြင်းအကြောင်းကို ကြောင်းကျိုးဖော်ပြပါမယ်။ မြန်မာ့မြေပေါ်မှာ အာရှဆင်မျိုးစိတ်များဟာ ရှေးနှစ်သန်းပေါင်းများစွာကတည်းက ကျက်စားနေထိုင်ခဲ့တာ ဖြစ်ပါတယ်။ အာရှဆင်မျိုးစိတ်ထဲမှာတောင်မှ အိန္ဒိယဆင်၊ သီဟိုဠ်ဆင်၊ ဆူမားတြားဆင်၊ ပရှူးဆင်ရယ်လို့ ထပ်ပြီး လေးမျိုးခွဲထားပါတယ်။ မြန်မာနိုင်ငံမှာ တွေ့ရှိရတဲ့ဆင်ဟာ အိန္ဒိယဆင်မျိုးစိတ်ထဲမှာ ပါဝင်ပြီးတော့ လေ့ကျင့်သင်ကြားရတဲ့နေရာမှာ တိရစ္ဆာန်တွေထဲမှာ အလွယ်ဆုံးဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာဆင်မျိုးစိတ်များစွာရှိခဲ့သော်လည်းပဲ အာဖရိကဆင်နှင့် အာရှဆင်နှစ်မျိုးသာ ကျန်ရှိတော့တဲ့အတွက်ကြောင့် ကမ္ဘာ့နိုင်ငံများက၊ အစိုးရများက၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများက ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လာကြပါတယ်။ ဒါကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဩဂုတ်လ ၁၂ ရက်နေ့ကို ကမ္ဘာ့ဆင်များနေ့ရယ်လို့တောင် သတ်မှတ်ထားရှိပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ ၁၂ ရက်နေ့ ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ်မှာ ပြည်မြို့နယ်က ဆင်စခန်းတစ်ခုမှာ ဆင်များကို ဘူဖေးပွဲတော်ကျင်းပပေးခဲ့တာကို မြန်မာ့ရုပ်မြင်သံကြားမှ တွေ့လိုက်၊ မြင်လိုက်ရတော့ ဝမ်းသာကြည်နူးမိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာလူမျိုးများဟာ ဆင်ကို ချစ်ခင်မြတ်နိုးတတ်ကြပါတယ်။ ဆင်ရတနာ၊ မြင်းရတနာလို့တောင်မှ တင်စားခေါ်ပါတယ်။ ရှေးမြန်မာနိုင်ငံတော်မှာ ဆင်တွေကို စစ်အင်အားတစ်ရပ်အဖြစ်နဲ့လည်း အသုံးပြုခဲ့ပါတယ်။ ရှေးယခင်က ဆင်တပ်ကြီးများ၊ မြင်းတပ်ကြီးများနှင့် မြန်မာနိုင်ငံတော်ကြီးကို ကာကွယ်တည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။ မြန်မာဘုရင်တွေနဲ့ သူရဲကောင်းတွေဟာ ဆင်စီးချင်းထိုးပွဲများနှင့် အင်အားပြိုင်ခဲ့ကြပါတယ်။ ဗညားနွဲ့(ခေါ်)ရာဇဓိရာဇ်တွေဟာ ဆင်စီးအလွန်ကျွမ်းကျင်ပြီး ရာဇဓိရာဇ်တွေ အရေးတော်ပုံကျမ်းမှာ မြောင်းမြမြို့ထဲမှာ ဗျည်းနွဲ့နဲ့ ထိုးခဲ့တဲ့ဆင်စီးချင်းတိုက်ပွဲဟာ အလွန်ထင်ရှားပြီးတော့ သူရဲကောင်းတို့ရဲ့

စိတ်ဓာတ်ကို ဖော်ညွှန်းနိုင်ခဲ့ပါတယ်။ ဒီ့အပြင်မြန်မာဘုရင်တွေဟာ သူတို့ပိုင်ဆိုင်တဲ့ ဆင်ဖြူအရေ အတွက်ကို မြန်မာ့သမိုင်းမှာ ဂုဏ်ယူဖွယ်ရာတစ်ရပ်အဖြစ်နဲ့ ဘွဲ့အမည်များမှာ ထည့်သွင်းဖော်ပြကြပါ တယ်။ ဥပမာအားဖြင့် ဘုရင့်နောင်ကျော်ထင်အနော်ရထာဟာ ဆင်ဖြူများစွာပိုင်ဆိုင်ခဲ့လို့ ဆင်ဖြူ များရှင်ရယ်လို့ သမိုင်းမှာတွင်ခဲ့ပါတယ်။ ပင်းယခေတ်မှာဆိုရင် ငါးစီးရှင်ကျော်စွာလို့တောင် ရှိပါတယ်။ ကျွန်တော်တို့ရဲ့အိမ်နီးနားချင်းထိုင်းနိုင်ငံဟာ ဆင်တွေကို သိပ်ပြီးတန်ဖိုးထားပါတယ်။ ထိုင်းနိုင်ငံရဲ့ ဘုရင်ကြီး နတ်ရွာစံစျာပနာအခမ်းအနားမှာ ဆင်အကောင်ရေများစွာကို အသုံးပြုခဲ့တာဟာ ထိုင်းနိုင်ငံ ရဲ့ဂုဏ်ဒြပ်တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့လို့ မြန်မာနိုင်ငံမှာတော့ သိတဲ့အတိုင်းပါပဲ။ ဆင်မုဆိုးများ သတ်ဖြတ်နေမှုကြောင့် မကြာမီမျိုးသုဉ်းပျောက်ကွယ်သွားတော့မှာ စိုးရိမ်ရပါတယ်။ သတင်းစာများ၊ ဂျာနယ်များထဲမှာ ဆင်တွေကို သတ်ဖြတ်နေတာကို မကြာခဏတွေ့မြင်ရတာမို့ ကျွန်တော်တို့စုဆောင်း ထားတဲ့ ဓာတ်ပုံလေးများကို Power Point ဖြင့်အသုံးပြုခွင့်ပေးပါရန် ပန်ကြားအပ်ပါတယ်။ ဒါ ဆင်တွေ အရေခွံခွာထားတာ ဖြစ်ပါတယ်။ ဒါ ဝဂ်ဘော်ဆင်စခန်းမှာ မိဘမဲ့ဆင်စခန်းဖြစ်ပါတယ်။ ဆင်ငယ်လေးများပါ။ အမေတွေ အသတ်ခံထားရတဲ့အတွက်ကြောင့်ပါ။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ ဒီဆင်ကိုတန်ဖိုးထားတဲ့ ကျွန်တော်တို့မြန်မာလူမျိုးများအနေနဲ့ အရေးတကြီးကာကွယ် စောင့်ရှောက်ဖို့လိုနေပြီဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်ကဲ့သို့သောအစီအစဉ် များ စီစဉ်ဆောင်ရွက်ထားရှိပါသလဲ သိလိုပါသောကြောင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မေးခွန်း နှစ်ခုကို တစ်ဆက်တည်းဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ပဲခူးတိုင်း ဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှုအတွက် မည်သို့စီမံဆောင်ရွက်ထားရှိမှုနှင့် လူသားတို့အတွက် အန္တရာယ်မရှိအောင် မည်သို့ကာကွယ်မှုများပြုလုပ်ထားသည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်း၍ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၏ မြန်မာနိုင်ငံတစ်ဝန်းတွင် တောဆင်ရိုင်းများကို သတ်ဖြတ်နေခြင်းအား တားဆီး ကာကွယ်ရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ပတ်သက်ပြီး ကျွန်တော် နှစ်ပိုင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့အား Power Point သုံးစွဲခွင့်ပြုရန်နှင့် အချိန်အနည်းငယ်ပို၍ ပေးပါရန် လေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

ပထမပိုင်းအနေနဲ့ မြန်မာနိုင်ငံဟာ ကိုယ်စားလှယ်တော်ကြီးများ တင်ပြတဲ့အတိုင်းပါပဲ။ ကမ္ဘာပေါ်မှာ အိန္ဒိယနိုင်ငံပြီးလို့ရှိရင် အာရှဆင်(Asian Elephant)အများဆုံးပိုင်ဆိုင်တဲ့နိုင်ငံ ဖြစ်ပါတယ်။ ဆင်များကို မြန်မာနိုင်ငံမှာ အလွန်မြင့်မားတဲ့တောင်ပေါ်ဒေသကလွဲပြီး နေရာအနှံ့အပြား မှာ တွေ့ရှိရပါတယ်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသ

ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်တို့မှာ သဘာဝသစ်တောများမှာ အဓိကကျက်စားလျက်ရှိပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ အပြည့်အစုံ မှတ်တမ်းတင်စာရင်းကောက်ယူခြင်းမရှိနိုင်တဲ့အတွက်ကြောင့်မို့လို့ လက်ရှိတောဆင်ရိုင်းရဲ့ဦးရေကို အတိအကျမခန့်မှန်းနိုင်သော်လည်းပဲ ဌာနရဲ့ မှတ်တမ်းမှတ်ရာများနဲ့ ပညာရှင်များရဲ့ ခန့်မှန်းမှုအရတော့ တောဆင်ရိုင်းကောင်ဦးရေကတော့ တဖြည်းဖြည်းကျဆင်းလျက်ရှိပါတယ်။ တောဆင်ရိုင်းကောင်ရေကျဆင်းစေတဲ့ အချက်အလက်များထဲမှာ အချင်းချင်းတိုက်ခိုက် သတ်ဖြတ်ခြင်း၊ ရောဂါကျရောက်ခြင်းတို့အပြင် အဓိကအကြောင်းအရာကတော့ သတ်ဖြတ်ခံရခြင်းဖြစ်ပါတယ်။ ယခင်က တောဆင်ရိုင်းတွေကို အစွယ်ရရှိဖို့ပဲ ဖြစ်ပါတယ်။ ဆင်ထီးများကို သတ်ပါတယ်။ အခုအခါတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြသလိုပါပဲ။ အစွယ်အပြင် အသား၊ အရေ၊ အရိုး၊ နှာမောင်း အစိတ်အပိုင်းအားလုံးကို တရားမဝင်ရောင်းဝယ်မှုပြုရန်အတွက် ဆင်ထီးရော၊ ဆင်မရော သတ်ဖြတ်ခြင်းခံရပါတယ်။ တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှုနဲ့ ဆင်စွယ်အပါအဝင် ၎င်းတို့ရဲ့အစိတ်အပိုင်းများကို တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အိမ်နီးချင်းနိုင်ငံများနှင့် ပြည်တွင်းဈေးကွက်များတို့က ဝယ်လိုအားမြင့်တက်နေမှုကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာတာကို တွေ့ရပါတယ်။ လူနဲ့ဆင်ပဋိပက္ခမဖြစ်ပေါ်စေပြီး တောဆင်ရိုင်းများနဲ့ လူများအကြား အပြန်အလှန်လက်စားချေရာမှာလည်းပဲ တောဆင်ရိုင်းများ သတ်ဖြတ်ခြင်းခံရတာကို တွေ့ရပါတယ်။ ၂၀၁၀ ခုနှစ်ကနေ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ ရှစ်နှစ်ခွဲကာလအတွင်းမှာ တောဆင်ရိုင်းများသတ်ဖြတ်ခံရမှုများကို Power Point မှာ တင်ပြထားပါတယ်။ စာရင်းဇယားအရကြည့်မယ်ဆိုရင် အားလုံး ၁၂၃ ကောင် အသတ်ခံရပါတယ်။ အဲဒီတော့ ဒီမှာကြည့်မယ်ဆိုရင် ၂၀၁၅ ခုနှစ်မှာတော့ အကောင် ၂၀၊ ၂၀၁၇ ခုနှစ်ကျတော့ ၄၆ ကောင် ဖြစ်ပြီးတော့ အခုကျတော့ ဇူလိုင်လအထိပေ့ါလေ။ ၁၄ ကောင်သတ်ဖြတ်ခြင်းခံနေရတာကို တွေ့ရပါတယ်။ နေရာအားဖြင့်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးက အဓိကအများဆုံးသတ်ဖြတ်ခြင်းခံရပါတယ်။ အထူးသဖြင့် ပွင့်လင်းရာသီမှာ သတ်ဖြတ်ခြင်းအထူးခံရကြောင်း တွေ့ရပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ တောဆင်ရိုင်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်အတွက် ၎င်းတို့ရဲ့မူလကျက်စားနယ်မြေများကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ဖွဲ့စည်းရာမှာ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဟူးကောင်းချိုင့်ဝှမ်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(တိုးချဲ့)၊ ထမံသီကြိုးဝိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မြောက်ဇာမဏီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရခိုင်ရိုးမဆင်ဘေးမဲ့တောနှင့် တနင်္သာရီသဘာဝကြိုးဝိုင်းတို့ ပါဝင်ပါတယ်။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၉၈၆၁.၇၇ ရှိပါတယ်။ အလားတူပဲ တောဆင်ရိုင်းများကောင်ရေအများအပြားကျန်ရှိပြီးတော့ ကျက်စားနေထိုင်တဲ့ သဘာဝသစ်တာနယ်မြေဖြစ်ကြတဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ မဟာမြိုင်ဘေးမဲ့တော၊ တနင်္သာရီတိုင်းဒေသကြီးမှာရှိတဲ့ လေညာအမျိုးသားဥယျာဉ်၊ တနင်္သာရီအမျိုးသားဥယျာဉ်တို့ကိုလည်းပဲ ဆင်အပါအဝင် ဇီဝမျိုးစုံ

မျိုးကွဲထိန်းသိမ်းနိုင်ရေးအတွက် သဘာဝနယ်မြေများအဖြစ် သတ်မှတ်ထားရန်ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ တောဆင်ရိုင်းများကို လုံးဝကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်စာရင်းထဲမှာထည့်ထားပြီးတော့ အဆင့်မြင့်ဆုံး ကာကွယ်စောင့်ရှောက်ထားပါတယ်။ ဆင်ထိန်းသိမ်းရေးလုပ်ငန်းများဖြစ်တဲ့ သစ်တော နယ်မြေဖြစ်တဲ့ ကြိုးဝိုင်းသစ်တောနှင့် ကြိုးပြင်ကာကွယ်တောများအတွင်း လည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းလည်းကောင်း ဆင်များရဲ့နေရင်းဒေသအဖြစ်သတ်မှတ်ကာ ဥပဒေနဲ့ ကာကွယ်ထားတဲ့တောရိုင်းတိရစ္ဆာန်များအဖြစ် တောဆင်ရိုင်းများထိန်းသိမ်းရေးကို အဓိက တာဝန်ယူထားရတဲ့ သစ်တောဦးစီးဌာနဟာ အင်အားဖြင့်လည်းကောင်း၊ ဆက်စပ်အဖွဲ့အစည်းများနှင့် လည်းကောင်း၊ မိတ်ဖက်ပြည်တွင်း/ပြည်ပ အစိုးရအဖွဲ့အစည်းများ နှင့်လည်းကောင်း ပူးပေါင်းပြီးတော့ တောဆင်ရိုင်းများထိန်းသိမ်းကာကွယ်ခြင်း၊ သတ်ဖြတ်မှုများကို အရေးယူတားဆီးခြင်း၊ ဆင်နဲ့ ဆင်အစိတ်အပိုင်းများအား တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းတို့ကို အရေးယူတိုက်ဖျက်လျက် ရှိပါတယ်။

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလကနေပြီးတော့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ တောဆင်ရိုင်းများ တရားမဝင်သတ်ဖြတ်မှုကြောင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝ နယ်မြေများထိန်းသိမ်းရေးဥပဒေ(၁၉၉၄ ခုနှစ်) ပုဒ်မ ၃၇ ပုဒ်မခွဲ(က)နဲ့ တရားခံအားလုံး ၅၆ ဦးကို တရားစွဲဆိုထားနိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလကနေ ဇူလိုင်လအထိ တရားခံ ၃၂ ဦးကို ဖမ်းဆီးပြီးတော့ ယခင်ဆင်သတ်ဖြတ်ခြင်းပြစ်မှုဟောင်းများမှ တရားခံပြေးများကိုလည်းပဲ ဖော်ထုတ် ဖမ်းဆီးရမိပြီးတော့ တရားခံများကို အရေးယူခြင်းဖြစ်ပြီးတော့ ပြစ်မှုကျူးလွန်စဉ်ကလိုပဲ တည်ဆဲဥပဒေ နဲ့ အရေးယူပါတယ်။ တောဆင်ရိုင်းများကို လုံးဝကာကွယ်ထားတဲ့စာရင်းထဲမှာ ထည့်သွင်းစေပြီး ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှာ ပြဌာန်းခဲ့တဲ့ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေအရ တောဆင်ရိုင်းများနှင့်စပ်လျဉ်းပြီးတော့ ကျူးလွန်တဲ့ ပြစ်မှုများအတွက် ပြစ်ဒဏ်ကို ၃ နှစ်မှ ၁၀ နှစ်အတွင်း ထောင်ဒဏ်ကိုချမှတ်ပြီးတော့ ငွေဒဏ်များ ကိုလည်းပဲ ချမှတ်နိုင်ကြောင်း သတ်မှတ်ထားပါတယ်။ သစ်တောဦးစီးဌာနဟာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့များနဲ့ပူးပေါင်းပြီး ဆင်သတ်မုဆိုးများကို ဖော်ထုတ်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်အလိုက် တောဆင်ရိုင်းသတ်ဖြတ်မှုကာကွယ်ရေး၊ ဆင်မုဆိုး ဖမ်းဆီးရေးနဲ့ပတ်သက်ပြီးတော့ အသိပညာပေးဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်များအလိုက် ကျေးရွာများကို ကွင်းဆင်းပြီး ကျေးရွာသူကျေးရွာသားများနဲ့ တွေ့ဆုံစည်းရုံးကာ ကျေးရွာနဲ့ တောင်ယာတဲအနီးတွင် မသင်္ကာဖွယ်ရာလူစိမ်းများနဲ့ ဆင်သတ်မုဆိုးများတွေ့ရှိပါက နီးစပ်ရာသစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဆက်သွယ်သတင်းပေးပို့အကြောင်းကြားပေးဖို့ လည်း ဖုန်းနံပါတ်များကိုလည်းပဲ ဖြန့်ဝေပေးထားပါတယ်။ သစ်တောဦးစီးဌာန၊ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးမိတ်ဆွေများအသင်း(Friends of Wildlife- FOW)နှင့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့(World Wildlife Fund-WWF)တို့နှင့်ပူးပေါင်းပြီး ဧရာဝတီတိုင်းဒေသကြီး

နှင့် ရခိုင်ပြည်နယ်(တောင်ပိုင်း)တို့မှာ လူထုအခြေပြု တောဆင်ရိုင်းများစောင့်ရှောက်ရေးလုပ်ငန်းများကို ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများပူးပေါင်းပါဝင်မှုနဲ့ ဆောင်ရွက်လျက်ရှိပြီးတော့ ဆုငွေများကိုလည်းပဲ ချီးမြှင့်ဖို့အစီအစဉ်များလည်း ပါဝင်လျက်ရှိပါတယ်။ အဲဒီ အစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှာ ၉-၃-၂၀၁၈ ရက်နေ့မှာ ဆင်သတ်မုဆိုးကို လက်နက်နှင့်တကွ ဖမ်းဆီးရမိမှုအတွက် သတင်းပေးသူကို ကျပ်သိန်း ၃၀၊ ပူးပေါင်းဖမ်းဆီးတဲ့ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းများနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ပေါင်း ၁၃ ဦးကိုတော့ ကျပ် ၁၃ သိန်းတို့ကို ၉-၃-၂၀၁၈ ရက်နေ့မှာ ငပုတောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရမှာ အခမ်းအနားနဲ့ ပေးအပ်ခဲ့ပါတယ်။ အဲဒီအပြင် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်မှာ ၃၁-၃-၂၀၁၈ ရက်နေ့မှာ ဆင်သတ်မုဆိုးတစ်ဦးအပါအဝင် ပါဝင်ပတ်သက်သူနှစ်ဦးကို ဖမ်းဆီးရရှိမိပါတယ်။ အဲဒီအတွက်ကို သတင်းပေးသူကို ကျပ် ၁၀ သိန်း၊ ပူးပေါင်းဖမ်းဆီးရရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရခိုင်ရိုးမဆင်ဘေးမဲ့တောဝန်ထမ်းများနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပေါင်း ၁၄ ဦးကို ကျပ်ခုနစ်သိန်းတို့ကိုတော့ ၃-၅-၂၀၁၈ ရက်နေ့မှာ ဂွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ အခမ်းအနားနဲ့ ပေးအပ်ခဲ့ပါတယ်။ အလားတူပဲ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်မှာ ၂၀-၄-၂၀၁၈ ရက်နေ့မှာ ဆင်သတ်မုဆိုးသုံးဦးကို ဆင်ထီးအသေကောင်၊ ဆင်သားရေ၊ ဆင်သတ်သေနတ်၊ လက်နက်များနှင့်အတူ ဖမ်းဆီးရမိတဲ့အတွက် သတင်းပေးသူကို ငွေ ၁၀ သိန်း၊ ပူးပေါင်းဖမ်းဆီးတဲ့ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ ပေါင်း ၂၃ ဦးကိုတော့ ၁၁.၅ သိန်းတို့ကို ၆-၆-၂၀၁၈ ရက်နေ့မှာ ပုသိမ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှာ အခမ်းအနားနဲ့ ပေးအပ်ခဲ့ပါတယ်။

ဒုတိယသမ္မတ(၁)ကလည်းပဲ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြိုးဝိုင်းများတွင် ကျက်စားလျက်ရှိသည့် တောဆင်ရိုင်းများ ဖမ်းဆီးသတ်ဖြတ်ခံရမှုမရှိစေရေးအတွက် ဆင်ခိုးဂိုဏ်းများနှင့် ဆင်သတ်မုဆိုးများအား ထိထိရောက်ရောက် ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားရန်နှင့် သတင်းပေးသူဖမ်းဆီးအရေးယူသူများအား ဆုချီးမြှင့်နိုင်ရေးကို စီစဉ်ဆောင်ရွက်သွားရန်ဟု ခရီးစဉ်အတွင်းမှာ လမ်းညွှန်ခဲ့ပါတယ်။ ထိုနည်းတူ ဒုတိယသမ္မတ(၂)ကလည်း ပဲခူးတိုင်းဒေသကြီးခရီးစဉ်မှာ ဆင်များကို သတ်ဖြတ်နေတဲ့ ဆင်မုဆိုးများကို စနစ်တကျစီမံချက်ချပြီး ဝိုင်းဝန်းဖမ်းဆီးဖော်ထုတ်ပြီးတော့ ထိရောက်စွာအရေးယူနိုင်ရေး စီမံဆောင်ရွက်သွားရန်လို့ ခရီးစဉ်အတွင်းမှာ လမ်းညွှန်မှာကြားချက်တို့အပေါ်မှာအလေးထားပြီးတော့ ကျွန်တော်တို့ရဲ့ဆောင်ရွက်ချက်များကို အပတ်စဉ်အလိုက် သမ္မတရုံးကို သတင်းပေးပို့လျက်ရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တော လုံခြုံရေးရဲတပ်ဖွဲ့မှူးများအတွက် ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သို့ သွားရောက်ပြီးတော့ တောဆင်ရိုင်းကာကွယ်စောင့်ရှောက်ရေးအတွက် ဌာနအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး မြေပြင်အခြေအနေများကို စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီး

ဌာနနှင့် သစ်တောဦးစီးဌာနတို့မှ ဝန်ထမ်းများဖြင့် တောဆင်ရိုင်းများကာကွယ်စောင့်ရှောက်ရေး အခြေစိုက်စခန်းများကိုဖွင့်လှစ်ရန် စီမံချက်ရေးဆွဲပြီးတော့ ဆင်ကာကွယ်ရေးစခန်းများမှာ အခြေချ နေထိုင်ပြီး ဆင်မုဆိုးများဝင်ရောက်မှုကို စုံစမ်းအရေးယူဖော်ထုတ်ခြင်း၊ တောဆင်ရိုင်းများအား စောင့်ရှောက်ခြင်းတို့ကိုလည်းပဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှု အောက်မှာရှိတဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်တပ်ဖွဲ့များမှာ တောဆင်ရိုင်း များအား တရားမဝင်သတ်ဖြတ်မှုကို ကြိုတင်တားဆီးရန်နှင့် သတ်ဖြတ်မှုနောက်ကွယ်မှာရှိတဲ့ တောရိုင်း တိရစ္ဆာန် တရားမဝင်ကူးသန်းရောင်းဝယ်သူများကို စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်အတွက် ထိရောက်တဲ့ တားဆီးနှိမ်နင်းရေးစီမံချက်များနဲ့ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါ တယ်။ အဲဒီလိုဆင်သတ်မုဆိုးများကို ဖော်ထုတ်ဖမ်းဆီးလျက်ရှိတဲ့အပြင် ဈေးကွက်လိုလားချက်များ လျှော့နိုင်ရေးအတွက် သစ်တောဦးစီးဌာနဟာ WWF-Myanmar, INGO များ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ပူးပေါင်းပြီးတော့ တောဆင်များကို တရားမဝင်သတ်ဖြတ်ခြင်း၊ ဆင်နှင့် ဆင်အစိတ်အပိုင်းများ ရောင်းဝယ်ခြင်း၊ အသုံးပြုခြင်းတို့ကိုတားဆီးရန်အတွက် မိုမိုတို့အတွက် ရင်တွင်းစကားသံများ(Voices for Momos) လှုပ်ရှားမှုနဲ့ ပညာပေးဟောပြောခြင်း၊ သရုပ်ပြခြင်း၊ ပိုစတာနှင့် ဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ လူထုလက်မှတ်များစုဆောင်းခြင်း၊ ဗီဒီယိုပြသခြင်းနှင့် သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ရုပ်မြင်သံကြားအစီအစဉ်များမှာလည်း ဆင်သတ်ခံရမှုများ၊ ဆင်နှင့်လူပဋိပက္ခဖြစ်ပွားမှု လျှော့ချရေးအစီအမံများကို Human Elephant Conflict-Size Does Matter အစီအစဉ်နဲ့ MITV မှ အပိုင်းများခွဲပြီးတော့ ထုတ်လွှင့်လျက်ရှိပါတယ်။

သစ်တောဦးစီးဌာနနှင့် WWF-Myanmar Program တို့ပူးပေါင်းပြီးတော့ ရွှေတိဂုံဘုရား ဂေါပကအဖွဲ့ကိုယ်စားလှယ်များ၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ ဘုရားပရိဝုဏ်အတွင်းမှာ အမှတ်တရပစ္စည်းအရောင်းဆိုင်ပိုင်ရှင်များကို ဆင်နှင့်တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းများ၊ ဆင့်ပွားထုတ်လုပ်ထားတဲ့ပစ္စည်းများ ရောင်းချမှုများကို တရားဥပဒေအရ တားမြစ်ထားပါကြောင်းနှင့် မရောင်းချရေးတို့ကို အသိပညာပေးဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ပါတယ်။ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး မှာရှိတဲ့ နိုင်ငံခြားသားခရီးသည်များ အများဆုံးလည်ပတ်တဲ့ အထင်ကရဈေးကြီးများနှင့် အမှတ်တရ ပစ္စည်းအရောင်းအဝယ်ဆိုင်များ၊ စားသောက်ဆိုင်များကိုလည်း ဆင်အပါအဝင် တောရိုင်း တိရစ္ဆာန်များရဲ့အစိတ်အပိုင်းများ၊ ဆင့်ပွားပစ္စည်းများ ရောင်းချခြင်းမရှိစေရေးနှင့် ၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်မြို့ကို တောဆင်အစိတ်အပိုင်းများ၊ တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင် ကူးသန်းရောင်းဝယ်မှုဈေးကွက် ပိတ်သိမ်းနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ပညာပေး ဟောပြောခြင်း၊ စစ်ဆေးအရေးယူခြင်းများကိုလည်းပဲ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ မန္တလေးမြို့မှာလည်းပဲ တောဆင်ရိုင်း၏အစိတ်အပိုင်းများ တရားမဝင်ကူးသန်းရောင်းဝယ်မှု တိုက်ဖျက်ရေးနှင့် အခြားတောရိုင်းတိရစ္ဆာန်များအပါအဝင် တရားမဝင်ကူးသန်းရောင်းဝယ်မှုများကို ကင်းစင်ပပျောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုချက်နဲ့ သစ်တောဦးစီးဌာနနှင့် WCS-Myanmar တို့ပူးပေါင်းပြီးတော့ မဟာမြတ်မုနိဘုရားရင်ပြင်တော်မှာ အသိပညာပေးဟောပြောခြင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ကျွဲဆည်ကန်ကားကွင်းကြီးတို့မှာ အသိပညာပေးဟောပြောခြင်း၊

လက်ကမ်းစာစောင်များနှင့် နံရံကပ်ပိုစတာများ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အလားတူပဲ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာလည်းပဲအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာလည်းပဲ တောဆင်ရိုင်းများအပါအဝင် တောရိုင်းတိရစ္ဆာန်များ အမဲလိုက်သတ်ဖြတ်မှုနဲ့ အမဲအသားဟင်းလျာ များရောင်းချမှု၊ တောဆင်ရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ ရောင်းဝယ်နေမှုတို့ကို အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်နှင့် ပိုစတာများဖြန့်ဝေပေးခြင်း၊ လေဆိပ်နှင့် ကားဂိတ်များတွင်လည်းပဲ တားမြစ်ချက်များကို အများပြည်သူများ၊ ခရီးသွားဧည့်သည်များ သိရှိနိုင်ရေး ပိုစတာများကပ်ခြင်း၊ ရုပ်သံမှတစ်ဆင့် ထုတ်လွှင့်အသိပေးခြင်းများကိုလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လက်ရှိအခြေအနေအရ ရက်သတ္တပတ်တစ်ပတ်လျှင် တောဆင်ရိုင်းတစ်ကောင်နှုန်းဖြင့် သတ်ဖြတ်ခြင်းခံရလျက်ရှိတဲ့အတွက်ကြောင့်မို့လို့ မြန်မာ့သဘာဝတောများမှ တောဆင်ရိုင်းများ ကျန်ရှိရေးမှာ စိုးရိမ်ဖွယ်ဖြစ်ခြင်းအခြေအနေကြောင့် နိုင်ငံတော်အကြီးအကဲများရဲ့လမ်းညွှန်ချက်နှင့် အညီ တောဆင်ရိုင်းများ တရားမဝင်သတ်ဖြတ်ခံနေရမှု၊ ဆင်စွယ်နှင့် ဆင်အစိတ်အပိုင်းများ တရားမဝင်ကူးသန်းရောင်းဝယ်မှုများကို ဥပဒေအရ တားဆီးနှိမ်နင်းရေး၊ ဆင်သတ်မုဆိုးအဖွဲ့များအား ဖော်ထုတ်ဖမ်းဆီးရေးတို့ကို သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့နှင့် ဆက်စပ်အဖွဲ့အစည်းများမှ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပြီးတော့ စီမံချက်များရေးဆွဲပြီး တိုးမြှင့် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဆင်ခိုးသတ်ဖြတ်မှုအများဆုံးဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှာ တောဆင်ရိုင်းများကျက်စား လျက်ရှိတဲ့နယ်မြေများမှာ ဆင်သတ်မုဆိုးများဖော်ထုတ်ဖမ်းဆီးရေး သစ်တောဦးစီးဌာန၊ သစ်တော လုံခြုံရေးရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့မှပူးပေါင်းပြီးတော့ တပ်စိတ်အင်အားနဲ့ ကျွန်တော်တို့ ဖွဲ့စည်းပြီးတော့ ကင်းလှည့်ဆောင်ရွက်ခြင်းများဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြား အပ်ပါတယ်။

ကျွန်တော် ဒုတိယပိုင်း ဆက်လက်ဖြေကြားပါမယ်။ ဆင်များ သဘာဝအတိုင်းကျက်စားတဲ့ ဧရိယာဟာ အခြားမြေအဖြစ်ကို ပြောင်းလဲသွားပါတယ်။ ဖြတ်သန်းခြင်း၊ Corridors များ ပြတ်တောက် သွားခြင်း၊ ဆည်/တမံများ အများအပြားဆောက်လုပ်ခြင်းဖြင့် သဘာဝရေစီးရေလာများပျောက်ဆုံး သွားခြင်းတို့ကြောင့် ဆင်နဲ့လူများ ပြဿနာဖြစ်ပါတယ်။ ဆင်များဟာ အလွန်ဦးနှောက်မှတ်ဉာဏ် ကောင်းတဲ့သတ္တဝါများဖြစ်ပါတယ်။ ဆင်များရဲ့ မူလတုန်းက သူတို့ရှိခဲ့တဲ့ သဘာဝနယ်မြေများကို လူများရဲ့ အခြားသောမြေအသုံးချမှုကြောင့် ဒီနေရာမှာ လုပ်ငန်းတွေလုပ်တဲ့အခါမှာ သူတို့ရဲ့ မူလနေရာများကို အမြဲတမ်းပြန်လာလေ့ရှိပါတယ်။ ဒီအခါမှာ ဆင်နဲ့လူများဟာ ပဋိပက္ခဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ၂၃မှု ဖြစ်ပါတယ်။ လူခြောက်ဦးသေဆုံးပါတယ်။ ခုနကိုယ်စားတော်ကြီး တင်ပြသလို ပါပဲ။ ၂၀၁၇ ခုနှစ်မှာ ၁၂ မှု ဖြစ်ပါတယ်။ လူကိုးဦးသေဆုံးပါတယ်။ ၂၀၁၈ ခုနှစ်မှာ သုံးမှုဖြစ်ပါတယ်။ လူနှစ်ဦးသေဆုံးပါတယ်။ အဲဒီတော့ ဒေသခံများကိုလည်းပဲ တောဆင်ရိုင်းများ ခြောက်လှန့်မောင်းနှင် နိုင်မယ့်နည်းလမ်းများ၊ ဆင်များနှစ်သက်မှုမရှိတဲ့ သီးနှံများ၊ စိုက်ပျိုးရေး၊ ဆောင်ရန်/ရှောင်ရန်တို့ကို ဌာနဝန်ထမ်းများ၊ ဒေသခံများနှင့် ပညာပေးဟောပြောရှင်းလင်းလျက်ရှိပါတယ်။ တောဆင်ရိုင်းများရဲ့

ရာသီအလိုက် ရွှေ့လျားမှုကိုသိရှိရန်အတွက် ဆင်နဲ့လူပဋိပက္ခလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရန် အတွက်ကို အထောက်အကူပြုရန်ရည်ရွယ်ပြီးတော့ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အမေရိကန်ပြည်ထောင်စု၊ Smithsonian Conversation Biology Institute (SCBI)တို့ပူးပေါင်းပြီး ပြည်နယ်/တိုင်းဒေသကြီးမှာရှိတဲ့ ဆင်နဲ့လူပဋိပက္ခဖြစ်ပွားမှုများတဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ တောဆင်ရိုင်း ၁၃ ကောင်၊ ပဲခူးတိုင်းဒေသကြီးမှာ တောဆင်ရိုင်း၄ကောင်၊ တနင်္သာရီတိုင်းဒေသကြီးမှာ တောဆင်ရိုင်း၄ကောင်နှင့် ဧရာဝတီတိုင်းဒေသကြီးမှာ တောဆင်ရိုင်း၄ကောင် စုစုပေါင်း တောဆင်ရိုင်း ၂၈ ကောင်တို့ကို ရေဒီယိုကော်လာတပ်ဆင်ပေးပြီးတော့ ရာသီအလိုက် ၎င်းတောဆင်ရိုင်းများရဲ့ ရွှေ့ပြောင်းမှုဆိုင်ရာအချက်အလက်များကိုအခြေခံပြီး တောဆင်ရိုင်းများ ကျေးရွာများ၊ စိုက်ခင်းများသို့ ဝင်ရောက်လာတဲ့လမ်းကြောင်းကို နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ် ခြံစည်းရိုးများပြုလုပ်ပြီးတော့ လူနဲ့ဆင်ပဋိပက္ခဖြစ်ပွားမှုများ လျှော့ချနိုင်ရေးကိုလည်း ဆောင်ရွက် လျက်ရှိပါတယ်။

မြန်မာနိုင်ငံရှိ တောဆင်ရိုင်းများနဲ့ အိမ်မွေးတိရစ္ဆာန်များကို ထိရောက်စွာကာကွယ်နိုင်ရေး အတွက် သစ်တောဦးစီးဌာနနဲ့(WCS)တို့ ပေါင်းစည်းပြီးတော့ ၂၀၁၈-၂၀၂၇ မြန်မာနိုင်ငံ ဆင်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်(Myanmar Elephant Conversation Action Plan-MECAP)ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီရည်မှန်းချက်ကတော့ ဆင်ရဲ့ပျမ်းမျှသက်တမ်းကို နှစ်ဆဖြစ်စေပြီးတော့ နှစ်ပေါင်း ၁၀၀ ပြည့်ဖြစ်အောင် အဓိက စီမံချက်လေးခုပါပါတယ်။ တောဆင်ရိုင်းများနဲ့ ၎င်းတို့ရဲ့ကျက်စားနယ်မြေများကို ကာကွယ်ခြင်း၊ လူနှင့်ဆင်ပဋိပက္ခများကို ဖြေရှင်းခြင်း၊ ဆင်နှင့် ဆင်အစိတ်အပိုင်းများအား တရားမဝင်ရောင်းဝယ်မှုကို တားဆီးခြင်း၊ အိမ်မွေးဆင်များကို စီမံခန့်ခွဲခြင်းများပါဝင်ပါတယ်။ သို့ဖြစ်ပါ၍ တောဆင်ရိုင်းများ၏ နေရင်းဒေသများ တည်ငြိမ်ကောင်းမွန်ရေးနှင့် တောဆင်ရိုင်းများကြောင့် လူသားတို့အတွက် အန္တရာယ် မရှိစေရေးတို့အတွက် မြန်မာနိုင်ငံဆင်ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်ကို ဆက်စပ်အဖွဲ့အစည်းများ၊ မိတ်ဘက် INGO များနှင့် လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ အကျယ်တဝင့်ရှင်းလင်းဖြေကြားပေးတဲ့ ဝန်ကြီးကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော့်မေးခွန်းထဲမှာလည်းပါပါတယ်။ အထူးသဖြင့် အခုသုံးနေတဲ့မြားဆိပ် ကျွန်တော်တို့ သိပါသလား သူတို့မြားဆိပ်ကို ဘယ်လိုဖော်စပ်ပါသလဲ။ နောက် ဒီမြားဆိပ်အတွက် ကျွန်တော်တို့ တိကျတဲ့ ဖြေဆေးကိုရော ရှာဖို့အစီအစဉ်ရှိပါသလား။ Wildlife Conservation Society(WCF)တို့၊ Worldwide Fund for nature(WWF)တို့၊ Smithsonian Institution တို့၊ Friends of Wildlife တို့ ဒီအဖွဲ့တွေနဲ့ဆက်စပ်ပြီးတော့ ကျွန်တော်တို့ ဒီအဆိပ်ကို ရှာဖွေမယ်။ ဒီအဆိပ်ရဲ့ အဆိပ်ဖြေဆေးတွေကို ရှာဖွေမယ်ဆိုတဲ့ အစီအစဉ်များရှိပါသလားဆိုတာကို ခပ်တိုတိုလေး ဖြေကြားပေးဖို့ လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ အခုကတော့ အဲဒီအဆိပ်တော့ ကျွန်တော် ဘာမှပြောသံမကြားရသေးပါဘူး။ အခုကိုယ်စားလှယ်တော်ကြီးအကြံပြုတဲ့အတိုင်းပဲ ကျွန်တော် အဲဒီအဖွဲ့များကို ကျွန်တော်ပြောကြားပြီးတော့ သူတို့ဆီကနေပြီးတော့ သူတို့ရဲ့တင်ပြချက်များကို ကျွန်တော် စုစည်းပြီးတော့ ကိုယ်စားလှယ်တော်ကြီးကို ကျွန်တော်ပြန်လည်တင်ပြပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေးပို့လာသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့်ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေးပို့လာသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ (၁၆-၅-၂၀၁၈ ရက်နေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့် ဦးဇာနည်မင်း၊ ရွှေကူမဲဆန္ဒနယ်တို့၏ ပြင်ဆင်ချက်အဆိုများ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၎င်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်လိုသည့်နည်းဥပဒေ၊ နည်းဥပဒေခွဲများအလိုက် ၁၈-၅-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ယင်းနည်းဥပဒေ

များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးအဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်းနဲ့ သက်ဆိုင်ရာဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယခု ယင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ နည်းဥပဒေများ၏ခေါင်းစဉ်၊ နိဒါန်းမှအစ၊ နည်းဥပဒေ၊ နည်းဥပဒေခွဲများနှင့် နည်းဥပဒေတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ နည်းဥပဒေ၊ နည်းဥပဒေခွဲအလိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသောနည်းဥပဒေ၊ နည်းဥပဒေခွဲများကို ဥပဒေကြမ်းကော်မတီက ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် (၁၃)ချက်အား တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အတည်ပြုပေးနိုင်ပါရန် တင်ပြသွားမှာဖြစ်ပါတယ်။ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေးပို့လာတဲ့ မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ဖြစ်တဲ့ ၂၁-၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) တွင် ဖြန့်ဝေတင်ပြတဲ့နေ့မှ ရက်ပေါင်း ၉၀ အတွင်း ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၁ နှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ယင်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ဖြစ်တဲ့ ၁၆-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ ရွှေကူမဲဆန္ဒနယ်တို့ရဲ့ ပြင်ဆင်ချက်များကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းတို့ရဲ့ ပြင်ဆင်ချက်များအပေါ် ၁၈-၅-၂၀၁၈ ရက် (သောကြာနေ့)နောက်ဆုံးထားပြီး ပြင်ဆင်ချက်များကို တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းသူတစ်ဦးမျှမရှိခဲ့ပါ။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ၁၄-၆-၂၀၁၈ ရက် (ကြာသပတေးနေ့)နှင့် ၈-၈-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တို့တွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဆိုင်ရာကော်မတီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးအဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကို ကျင်းပခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးများရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် (၁၃)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ ပြင်ဆင်ရန် တင်ပြချက်ဇယားများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်(၁၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | နည်းဥပဒေနှင့် နည်းဥပဒေခွဲ |
|---|---|---|---|
| (က) | ၁ | ၁ | ဤနည်းဥပဒေရှိ နည်းဥပဒေ ၈ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၂၄ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၃၇ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၆၄ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၈၂ နည်းဥပဒေခွဲ(က)နှင့် နည်းဥပဒေ ၁၁၆ နည်းဥပဒေခွဲ(က) တို့ရှိ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိ/မရှိ ဆိုသည့်စကားရပ်များကို သတ်မှတ်ချက်များနှင့်အညီ မှန်ကန်စွာဖြည့်သွင်းထားခြင်းရှိ/မရှိ ဟုအသီးသီးပြင်ဆင်ရန် |
| (ခ) | ၁ | ၂ | ဤနည်းဥပဒေရှိ နည်းဥပဒေ ၉ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၁၇ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၂၅ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၃၂ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၃၃ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေ ၃၈ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၄၃၊ နည်းဥပဒေ ၄၄ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၅၂ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၅၈၊ နည်းဥပဒေ ၁၀၂ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၁၀၈ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၁၁၂ နည်းဥပဒေခွဲ(က)နှင့် နည်းဥပဒေ ၈ နည်းဥပဒေခွဲ(က) နည်းဥပဒေ ၁၁၇ နည်းဥပဒေခွဲ(က)တို့ရှိ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆိုသည့်စကားရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဟုအသီးသီးပြင်ဆင်ရန် |

| | | | |
|---|---|---|---|
| (ဂ) | ၂ | ၃၊ ၄၊ ၅၊ ၆ | နည်းဥပဒေ ၂၇၊ နည်းဥပဒေ ၃၂ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ၅၁ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ၆၇ နည်းဥပဒေခွဲ(ဂ) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | နည်းဥပဒေနှင့် နည်းဥပဒေခွဲ |
|---|---|---|---|
| (ဃ) | ၃ မှ ၄ | ၇၊ ၈ | နည်းဥပဒေ ၈၅ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ၈၆ နည်းဥပဒေခွဲ (က) (ခ)နှင့် (ဂ) |
| (င) | ၄ မှ ၅ | ၉၊ ၁၀၊ ၁၁ | နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ၁၀၄၊ နည်းဥပဒေ ၁၈၇ နည်းဥပဒေခွဲ(ဂ) |
| (စ) | ၅ | ၁၂၊ ၁၃ | နောက်ဆက်တွဲဇယား (က){(က)(၃)နှင့် (ခ) (၃)}၊ ပုံစံ ၄၁ (ဇ) |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြချက် (၁၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သဘောထား ပြောပါ။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအစည်းအဝေးရဲ့ ဆွေးနွေးဆုံးဖြတ်ချက်အပေါ် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ သဘောတူပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၁၃)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့ သတ္တုတွင်းနည်းဥပဒေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၃)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤနည်းဥပဒေများ၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို

ဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့နည်းဥပဒေ၊ နည်းဥပဒေခွဲများကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ့သတ္တုတွင်းနည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် နည်းဥပဒေ၊ နည်းဥပဒေခွဲများအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

## ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ် ဆောင်ရွက်ပေးရန် အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ (၁၉-၆-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာ ကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ဆောင်ရွက်ပေးရန် အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ကိုယ်စားလှယ်လေးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးပိုင်ဌေး(မြိတ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဌေး ဖြစ်ပါတယ်။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သဘာဝငှက်သိုက်ကို ဆေးဝါးအဖြစ်လည်းကောင်း၊ အာဟာရအဖြစ်လည်းကောင်း၊ ဆေးဝါးဖော်စပ်ရာမှာလည်းကောင်း ကျွန်တော်တို့ ယခုဆိုရင် ငှက်သိုက်ကို ဖျော်ရည်အဖြစ်ပါ သုံးစွဲရောင်းချပြီးတော့ ဈေးကွက်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့်ရောင်းချလာတာကို တွေ့မြင်ရပါတယ်။ ဒါကြောင့် ငှက်သိုက်လုပ်ငန်းကို ခြုံငုံပြီးတော့ ကျွန်တော့်အနေနဲ့ ဆွေးနွေးတင်ပြလိုတာ ဖြစ်ပါတယ်။

လေးစားရသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဇီဝဖိုးငှက်လေးများဟာ စာကလေးနဲ့တူတယ်ဆိုပေမယ့် သူတို့ရဲ့သွားလာပုံ၊ ပျံသန်းပုံနဲ့ သူတို့အုပ်စုဖွဲ့ပြီးနေပုံတွေဟာ ကွဲပြားခြားနားပါတယ်။ ဒါကတော့ ဇီဝဖိုးငှက်ရဲ့ ငှက်သိုက်တွေကို

ထုတ်ပိုးထားခြင်းဖြစ်ပါတယ်။ ငှက်သိုက်တွေကို ပြင်ဆင်တဲ့ အဆင့်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ သဘာဝငှက်သိုက်တောင်ဖြစ်ပါတယ်။ အဆိုရှင်တင်သွင်းသွားတဲ့ သဘာဝငှက်သိုက်တောင်များကို ရေရှည်ထိန်းသိမ်းဖို့ဆိုတဲ့ တင်သွင်းသွားတဲ့တောင်တွေဟာ ဒီလိုတောင်တွေဖြစ်တယ်လို့ ကျွန်တော် တင်ပြချင်တာဖြစ်ပါတယ်။ ဟုတ်ပါတယ်။ အဆိုရှင်တင်သွင်းသွားတဲ့အထဲမှာ ဒီလိုသဘာဝငှက်သိုက် တောင်တွေမှာ အဓိကအန္တရာယ်ဖြစ်တာက ခုနက မြင်တွေ့နေရတဲ့ သစ်ပင်တွေ၊ ချုံပုတ်တွေရှိတဲ့ အတွက်ကြောင့် ငှက်ကြီးတွေကနေပြီးတော့ ဇီဝဖိုးငှက်ကလေးတွေကို စားသုံးတဲ့အတွက် ဇီဝဖိုးငှက် သိုက်တွေကျဆင်းလာတယ်ဆိုတဲ့ အချက်ကိုတော့ ကျွန်တော့်အနေနဲ့ ဒါဟာ ထိန်းသိမ်းသင့်တယ်လို့ ကျွန်တော်တို့ ထောက်ခံပါတယ်။ ဒါကတော့ ကျွန်တော်တို့ ငှက်သိုက်ထုတ်ယူတဲ့ ပုံစံသုံးမျိုးရှိပါတယ်။ ခုနက သဘာဝငှက်သိုက်တောင်တွေဆီကထုတ်ယူတာ၊ ဒါကတော့ သဘာဝငှက်အိမ်လို့ ကျွန်တော်တို့ မြိတ်မှာရှိတဲ့ အိမ်တစ်အိမ် ဖြစ်ပါတယ်။ ဒါကတော့ ခေါ်ယူပြီးတော့ လူတွေဖန်တီးထားတာ မဟုတ်ဘဲနဲ့ သူ့ဟာသူ ငှက်လေးတွေ ဝင်ရောက်ပြီးတော့မှ အိမ်ထဲမှာလာပြီးတော့ အသိုက်ဖွဲ့ထားတာ။ ပြီးတော့ ထုတ်ယူတဲ့ အိမ်ဖြစ်ပါတယ်။ ဒါကတော့ ထူးခြားပါတယ်။ ကျွန်တော်တို့အခု လွှတ်တော်ထဲမှာဆိုရင် လည်းပဲ ကျွန်တော်တို့ သဘင်အဆောင်မှာ ကြားနေရတဲ့အသံတွေလည်း ဇီဝဖိုးငှက်ရဲ့ အသံလို့ ယူဆ ပါတယ်။ ဒါက အထဲမှာ သူ့ဟာသူလာပြီးတော့ နားခိုပြီးတော့ သိုက်လုပ်ထားတဲ့ပုံတွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဖန်တီးထားတဲ့အိမ်တွေပါ။ အထဲမှာ ကျွန်တော်တို့ ငှက်အိမ်လေးတွေဖြစ်လာ အောင် ဆေးနဲ့ခေါ်ထားပြီးတော့မှ တည်ဆောက်ပြီးတော့ ငှက်တွေအများကြီးမွေးလာအောင် ဖန်တီး ထားတဲ့အိမ်လေးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်မိုက်။ ခဏစောင့်ပါ။ မိုက်ခဏစောင့်ပေးပါ။

**ဦးစိုးပိုင်ဌေး(မြိတ်မဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ သဘာဝငှက်သိုက်တောင်တွေကို ထိန်းသိမ်း ပေးဖို့ နိုင်ငံတော်ကခွင့်ပြုထားတဲ့ သဘာဝငှက်သိုက်တောင်တွေကို ထိန်းသိမ်းပြီးတော့ ရေရှည် တည်တံ့အောင်လုပ်ဖို့ လိုအပ်တယ်ဆိုတာ ဒါဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ငှက်သိုက်ထုတ်လုပ် ရေးလုပ်ငန်းတစ်ခုလုံးအနေနဲ့က ခုနက သဘာဝငှက်သိုက်တောင်တွေကို ထိန်းသိမ်းဖို့လိုအပ်သလို ကျွန်တော်တို့ အိမ်မွေးငှက်သိုက်လုပ်ငန်းတွေကိုလည်းပဲ ပိုပြီးတော့အားပေးဖို့လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ ငှက်အိမ်တွေကို ဆောက်လုပ်ထား တဲ့လုပ်ငန်းရှင်တွေကို လိုင်စင်တွေကို သေချာစိစစ်ပြီးတော့ အမြန်ဆုံးချထားပေးဖို့ လိုအပ်ပါတယ်။ ပြီးတော့ ငှက်သိုက်လုပ်ငန်းလုပ်ကိုင်သူတွေပိုပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းရလာဖို့ သင့်တော် တဲ့အခွန်နှုန်းထားတွေသတ်မှတ်ပေးဖို့ လိုအပ်တယ်လို့ တင်ပြချင်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်တော်တို့က လက်ရှိသတ်မှတ်ထားတဲ့ အခွန်အပေါ်မှာ ဥပမာ - ၁၀ ပိဿာထွက်တယ်ဆိုပေမယ့် တကယ်တမ်း လက်တွေ့မှာ နိုင်ငံတော်ကိုတင်ပြတာ ၅ ပိဿာပဲတင်ပြပြီးတော့ ကျန်တဲ့ဟာတွေက အလေအလွင့်ဖြစ်နေတဲ့ဟာတွေကို ကျွန်တော်တို့ သေချာစိစစ်စေချင်လို့ဖြစ်ပါတယ်။ ကျွန်တော် တင်ပြချင်တာက အခွန်ကိုသင့်တော်အောင် သတ်မှတ်ပြီးတော့ ထွက်ရှိတဲ့ ပမာဏကို ပြည့်ပြည့်ဝဝ ကောက်ခံစေချင်လို့ တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက ငှက်သိုက်လုပ်ငန်းမွေးမြူတဲ့ နည်းစနစ် တွေကို ခေတ်မီနည်းစနစ်တွေနဲ့ မွေးမြူနိုင်အောင် အစိုးရအနေနဲ့လည်း ပိုပြီးတော့အားပေးစေချင်

ပါတယ်။ ပြီးတော့ ငှက်သိုက်မွေးမြူတဲ့စက်၊ ခုနကပြင်ဆင်တဲ့အဆင့်၊ ထုတ်လုပ်တဲ့အဆင့်၊ ရောင်းချတဲ့အဆင့်တိုင်းကို နိုင်ငံတကာအဆင့်မီဈေးကွက်ထဲရောက်နိုင်အောင် နည်းပညာတွေကိုလည်းပဲ အစိုးရအနေနဲ့ ပံ့ပိုးစေချင်ပါတယ်။ ကျွန်တော်တို့ ငှက်သိုက်မွေးမြူခြင်း၊ ထုတ်လုပ်ခြင်းတွေကို စဉ်ဆက်မပြတ်သုတေသနလုပ်ငန်းတွေကို လုပ်ပြီးတော့ ငှက်သိုက်ထုတ်လုပ်ရေးလုပ်ငန်းတွေ ပိုမိုအားကောင်းလာအောင် အစိုးရအနေနဲ့ ကူညီဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန္ဒီ(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ ဖြစ်ပါတယ်။ ကျွန်းစုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ တင်သွင်းတဲ့ အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်မရဲ့ဆွေးနွေးချက်ကို Power Point ဖြင့်သုံးစွဲခွင့်ပြုပါရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံရဲ့ အဖိုးတန်သစ်တောသယံဇာတများထဲမှာ သစ်မဟုတ်တဲ့ သစ်တောထွက်သယံဇာတတစ်မျိုးကတော့ ငှက်သိုက်ဖြစ်ပါတယ်။ ငှက်သိုက်ကို ပျံလွှားငှက်မှာပါဝင်တဲ့ မိုးဆာငှက်၊ ဘီလုံးငှက်နဲ့ ဇီဝဇိုးငှက်များမှ ထုတ်ယူရရှိနိုင်ပါတယ်။ မြန်မာနိုင်ငံမှာကတော့ ဇီဝဇိုးငှက်တစ်မျိုးတည်းမှပဲ ငှက်သိုက်ကိုထုတ်ယူရရှိပါတယ်။ ဇီဝဇိုးငှက်သိုက်မှာဆိုရင် အဖြူရောင်ငှက်သိုက်နဲ့ အမည်းရောင်ငှက်သိုက်ဆိုပြီးတော့ နှစ်မျိုးရှိပါတယ်။ အရွယ်အစားအားဖြင့် အမည်းရောင်ငှက်သိုက်မှာ အဖြူရောင်ငှက်သိုက်ထက် နှစ်ဆပိုကြီးပါတယ်။ ဒါပေမဲ့ ဈေးကွက်မှာတော့ အဖြူရောင်ငှက်သိုက်ကိုသာ လူကြိုက်များပြီး အမည်းရောင်ငှက်သိုက်ထက် ၁၀ ဆခန့် ဈေးပိုမိုရရှိပါတယ်။ ဇီဝဇိုးငှက်များရဲ့ ငှက်သိုက်များ တန်ဖိုးကြီးမားရခြင်းမှာ အခြားငှက်များ၏ အသိုက်များကဲ့သို့ သစ်ကိုင်း၊ သစ်ရွက်များဖြင့် အသိုက်ပြုလုပ်ခြင်းမဟုတ်ဘဲ ၎င်းတို့၏အာခေါင်မှ အာစေးတစ်မျိုးကိုအန်ထုတ်ပြီး အသိုက်ပြုလုပ်ကြခြင်းကြောင့်ဖြစ်ပါတယ်။ ထိုအသိုက်များ ပြုလုပ်ကြခြင်းမှာ ငှက်များဥဥပြီးမျိုးပွားရန်အတွက်ဖြစ်ပါတယ်။ ဇီဝဇိုးငှက်များတစ်ကြိမ်ပေါက်ဖွားပြီးတိုင်း အသိုက်ဟောင်းကိုစွန့်ပစ်ပြီး နောက်တစ်ကြိမ်ဥဥတဲ့အချိန်မှ အသိုက်ကိုအသစ်ထပ်မံပြုလုပ်ကြပါတယ်။ ထိုစွန့်ပစ်အသိုက်ဟောင်းများကိုပဲ ငှက်သိုက်အဖြစ်နဲ့ရှာဖွေစုဆောင်းထုတ်လုပ်ကြခြင်းဖြစ်ပါတယ်။ ငှက်သိုက်ဟာ အာဟာရဓာတ်ကြွယ်ဝပြီး ဆေးဖက်ဝင်တာကြောင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံများမှ မြန်မာငှက်သိုက်များကို အများဆုံးဝယ်ယူကြတယ်လို့သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ သဘာဝငှက်သိုက်ကျွန်းများမှာ လူတွေနဲ့ဝေးကွာပြီး အများအားဖြင့် ကျောက်တောင်များရှိတဲ့ကျွန်းများဖြစ်ပါတယ်။ ငှက်သိုက်စုဆောင်းသူတွေအတွက်လည်း အခက်အခဲအများကြီးရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ပင်လယ်ပျော် ဇီဝဇိုးငှက်တွေဟာ သူတို့ရဲ့အသိုက်တွေကို ကျွန်းတွေပေါ်မှာရှိတဲ့လှိုဏ်ဂူတွေ၊ ကျောက်နံရံတွေ၊ ကျောက်ဆောင်တွေပေါ်မှာပြုလုပ်ကြပါတယ်။ ဒီကျောက်ဆောင်တွေဟာ ပေ ၄၅၀ ခန့်အထိမြင့်မားတတ်ပါတယ်။ ကျွန်းပေါ်မှာရှိတဲ့တောရိုင်း

တိရစ္ဆာန်များရဲ့အန္တရာယ်နဲ့လည်း ကြုံတွေ့ရနိုင်ပါတယ်။ အခန့်မသင့်ရင် အသက်အန္တရာယ်နဲ့လည်း ရင်ဆိုင်ရနိုင်ပါတယ်။ ဒါ့ကြောင့် ငှက်သိုက်စုဆောင်းသူတွေဟာ ငှက်အိမ်များဖန်တီးပြီး ငှက်မွေးမြူရေး လုပ်ငန်းလုပ်ကာ ငှက်သိုက်များထုတ်ယူလာကြပါတယ်။ အဓိကအားဖြင့် လူတွေဖန်တီးထားတဲ့ ငှက်အိမ်လေးမှာ ဇီဝဖိုးငှက်တွေရဲ့ သဘာဝကိုအခြေခံပြီးပြုလုပ်ကြပါတယ်။ ဇီဝဖိုးငှက်တွေဟာ အုပ်စုဖွဲ့နေတတ်ပြီး အစာရှာချိန်မှာ နှစ်ကောင်၊ သုံးကောင်တွဲပြီးတော့ရှာဖွေစားသောက်ကြပါတယ်။ မနက် အာရုံတက်ချိန်မှ ညနေအိပ်တန်းတက်ချိန်ထိ မနားဘဲပျံသန်းကြပါတယ်။ ညအိပ်တန်းတက်ချိန်မှာတော့ ငှက်အုပ်ရဲ့ခေါင်းဆောင်က အသံပေးပြီး ကျန်ငှက်များကိုအချက်ပေးခေါ်ဆောင်ပါတယ်။ ဒီအချက်ဟာ လူသားတွေ ဇီဝဖိုးငှက်မွေးမြူရန်အတွက် အားသာချက်ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ဒေသခံပြည်သူ များအနေနဲ့ ငှက်အိမ်များဆောက်လုပ်ပြီး ငှက်ခေါ်သံများဖန်တီးကာ ဇီဝဖိုးငှက်သိုက်ထုတ်ယူခြင်း လုပ်ငန်းကိုလုပ်ကိုင်လာကြပါတယ်။ လက်ရှိအချိန်မှာတော့ ငှက်အိမ်နဲ့ငှက်မွေးမြူခြင်းအားဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် တစ်နိုင်တစ်ပိုင်လုပ်ကိုင်ရုံသာမက စီးပွားဖြစ်လုပ်ကိုင်လာ တာကိုလည်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ အရင်းအနှီးများစွာစိုက်ထုတ်ပေးရန်မလိုဘဲ သဘာဝပေးအပ်ထားတဲ့လက်ဆောင်ဖြစ်တဲ့ ဇီဝဖိုးငှက်များကို ငှက်အိမ်များဖြင့်မွေးမြူခြင်းလုပ်ငန်းဟာ ဒေသခံပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရာရောက်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံမှာ ဇီဝဖိုးငှက်မွေးမြူခြင်းကို လူအနည်းစုသာလုပ်ကိုင်ကြသော် လည်း ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံများမှာတော့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်နဲ့ ထုတ်လုပ်ကာ တစ်ကမ္ဘာလုံးကိုဖြန့်ချိလျက်ရှိပါတယ်။ ငှက် သိုက်ဟာ နိုင်ငံခြားဝင်ငွေရရှိဖို့နည်းလမ်းကောင်းဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ယခုထက် ပိုပြီး ငှက်အိမ်များနဲ့ ငှက်မွေးမြူခြင်းလုပ်ငန်းကို လုပ်ဆောင်ခွင့်ပြုရမည့်အပြင် တန်ဖိုးမြင့်ထုတ်ကုန် အဖြစ် ထုတ်လုပ်နိုင်အောင်လည်း စီမံဆောင်ရွက်ပေးသင့်ပါတယ်။ အဆိုရှင်တင်ပြချက်မှာ မြိတ်ခရိုင်နဲ့ ကော့သောင်းခရိုင်မှာ ငှက်အိမ်ပေါင်း ၁၃၀ ခန့်ရှိတယ်လို့ပါရှိပါတယ်။ အမှန်တကယ်လက်တွေ့ မှာတော့ ဒီကိန်းဂဏန်းနဲ့ ကွာခြားမှုရှိနေတဲ့အတွက် ငှက်မွေးမြူရေးလုပ်ငန်းဖြစ်တဲ့ ငှက်အိမ်တွေကို စနစ်တကျစာရင်းပြုစုသင့်ပါတယ်။ ဒါမှသာ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် တိကျစွာချထားပေးနိုင်ပြီး နိုင်ငံတော်အတွက် အခွန်များရရှိလာမှာဖြစ်ပါတယ်။ ငှက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်တဲ့ပြည်သူများ အနေနဲ့လည်း တရားဝင်လိုင်စင်နဲ့လုပ်ကိုင်ခွင့်ရမှာဖြစ်တဲ့အတွက် စိတ်ပူပန်မှုကင်းစွာနဲ့ ငှက်သိုက် လုပ်ငန်းကို လုပ်ကိုင်နိုင်ကြမှာဖြစ်ပါတယ်ရှင်။

ကျွန်မတို့ တနင်္သာရီတိုင်းဒေသကြီးမှာ သစ်တောထွက်ပစ္စည်းများက ရရှိတဲ့အခွန်များထဲမှာ ငှက်သိုက်ထုတ်လုပ်တဲ့လုပ်ငန်းကရရှိတဲ့အခွန်ဟာ အများဆုံးဖြစ်တယ်လို့ သိရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်ဘဏ္ဍာငွေကို တစ်ဖက်တစ်လမ်းကရရှိအောင် ဆောင်ရွက်ပေးနေတဲ့ ငှက်သိုက်ထုတ်လုပ် ခြင်းကို ယခုထက်ပိုမိုပြီးထုတ်လုပ်နိုင်အောင် စီမံချက်များထားရှိပြီး ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတိုက်တွန်းအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ အဖိုးတန်ငှက်သိုက်ထွက်ရှိတဲ့ကျွန်းပေါင်း ၃၂ ကျွန်းရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ဒါပေမဲ့ ယခုအချိန်မှာတော့ ပုလောမြို့နယ်မှ မလိကျွန်း၊ ကျွန်းစုမြို့နယ်မှ

ရေအေးကျွန်း၊ လောင်းလုံးမြို့နယ်မှ မော်စကိုကျွန်းစုများ၊ ကော့သောင်းမြို့နယ်မှ ကစိုင်းလှနှင့် ကော့ငမ်းကျွန်းစုများကို ငှက်သိုက်ထုတ်ယူခွင့်လိုင်စင်ချထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ငှက်သိုက်ကျွန်းများကို ဇီဝဖိုးငှက်များ မျိုးတုံးပျောက်ကွယ်မသွားစေရန် ထိန်းသိမ်းဖို့ဆိုရင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ သစ်တောဥပဒေများ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း ကြပ်မတ်ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ ယခု လိုင်စင်ချထားပေးတဲ့ ကျွန်းများအပြင် ကျန်ရှိနေတဲ့ငှက်သိုက်ကျွန်းများကိုလည်း ငှက်သိုက်ထွက်ရှိမှုကို လေ့လာဆန်းစစ်သင့်ပါတယ်။ ငှက်သိုက်ကျွန်းများကို ကြိုးဝိုင်းအဖြစ်သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စုဆောင်းရရှိတဲ့ ငှက်သိုက်များကို စနစ်တကျထုတ်ယူခြင်းဟုတ်/မဟုတ် ကြီးကြပ်ဆောင်ရွက်ခြင်း၊ ငှက်သိုက်စုဆောင်းခွင့်ကို ဒေသအလိုက် တင်ဒါစနစ်ဖြင့်ရောင်းချခွင့် သတ်မှတ်ပေးခြင်းတို့ကိုလည်း ပြုလုပ်ပေးသင့်ကြောင်း အကြံပြုအပ်ပါတယ်ရှင်။ နိဂုံးချုပ်အနေဖြင့် ဇီဝဖိုးငှက်များ မျိုးသုဉ်းပျောက်ကွယ်သွားခြင်းမရှိအောင် ငှက်သိုက်ကျွန်းများကို ထိန်းပေးသလိုပဲ ဒေသခံပြည်သူများရဲ့ စီးပွားရေးအခွင့်အလမ်းဖြစ်တဲ့ ငှက်အိမ်များဖန်တီးပြီး ငှက်သိုက်ထုတ်လုပ်ခြင်းလုပ်ငန်းကိုလည်း အားပေးဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုက်ရပါမယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဖြစ်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီရဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာတင်သွင်းတဲ့ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကိုအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခင်က ဇီဝဖိုးငှက်သိုက်များကို ပင်လယ်သမုဒ္ဒရာအလယ် လူသူမနီးတဲ့ ကျွန်းများပေါ်မှာ လိုဏ်ဂူတောင်စောင်းများပေါ်က အသိုက်ဖွဲ့လေ့ရှိတာကို သိရပေမဲ့ လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်ကနေပြီးတော့ မလေးရှားနိုင်ငံကနေပြီးတော့ ငှက်ခေါ်တဲ့စက်ကိုအသုံးပြုပြီးတော့ အိမ်များမှာ ဇီဝဖိုးငှက်များကို မွေးမြူပြီးတော့ ငှက်သိုက်ထုတ်လုပ်တဲ့လုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ တနင်္သာရီမြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့တို့မှာ လုပ်ကိုင်လာကြပါတယ်။ အိမ်တွင်းငှက်မွေးမြူ၍ ငှက်သိုက်ထုတ်လုပ်ခြင်းလုပ်ငန်းကို အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုပြီးတော့ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တနင်္သာရီတိုင်းဒေသကြီးမှာ အိမ်မွေးငှက်သိုက်လုပ်ငန်းရှင် စုစုပေါင်း ၁၀၁ ဦး နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုပြီးတော့ လုပ်ကိုင်ခွင့်ပြုလာခဲ့ပြီးတော့ အိမ်များကို စနစ်တကျကွင်းဆင်းစစ်ဆေးပြီးတော့ ဒေသတန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းကို အခွန်ကောက်လျက်ရှိတာကို

တွေ့ရပါတယ်။ ဒါပေမဲ့ အမှန်တကယ်ရရှိတဲ့အခွန်က သုံးပုံတစ်ပုံသာရရှိပြီးတော့ သုံးပုံနှစ်ပုံဟာ ပုဂ္ဂလိကရဲ့အိတ်ထဲကို ရောက်ရှိသွားတာကို ဒေသခံများရဲ့ပြောကြားချက်အရ သိရပါတယ်။ ဒါကို အလေးအနက်ထားပြီးတော့ စိစစ်သင့်တယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဇီဝဖိုးငှက်များမွေးမြူ၍ အိမ်မွေးငှက်သိုက်ထုတ်လုပ်ခြင်းအပေါ် နှစ်စဉ်အခွန်ကောက်ခံတဲ့နှုန်းကတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၇၀.၁၄၅ သိန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၈၄.၂၆၅ သိန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၁၁၆.၇၉ သိန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ် ၈၂.၇၀၅ သိန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ အောက်တိုဘာလမှာ ကျပ် ၄၅.၁၈ သိန်း အခွန်ကောက်ခံရရှိပြီးတော့ ဒီအခွန်ကို တိုင်းဒေသကြီးအစိုးရထံပေးသွင်းရကြောင်း သိရပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးအတွင်း သဘာဝကျွန်းများမှ ငှက်သိုက်စုဆောင်းသိမ်းယူခြင်း လုပ်ငန်းကို သစ်တောဦးစီးဌာနကနေပြီးတော့ နှစ်စဉ် ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့တဲ့နေရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၉၂၂၄ သိန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၆၁၄၂ သိန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ် ၁၈၂၃၃.၂၉ သိန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ် ၁၀၀၂၅.၅ သိန်းကို လေလံတင်ရောင်းချလို့ ဘဏ္ဍာငွေရရှိတယ်ဆိုတဲ့အကြောင်းကို သိရပါတယ်။ နောက်တစ်ခါ အဆိုရှင်ရဲ့တင်ပြချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကနေပြီးတော့ လေလံတင်အောင်မြင်ပြီးတော့ လုပ်ကိုင်ခွင့်ရရှိတယ်ဆိုတဲ့အကြောင်းကို သိရပါတယ်။ အဲဒီလို နိုင်ငံတော်အတွက် ဘဏ္ဍာငွေအမြောက်အမြားရရှိတဲ့ ငှက်သိုက်လုပ်ငန်းကို နိုင်ငံတော်ကနေပြီးတော့ ဇီဝဖိုးငှက်မျိုးစိတ် မျိုးမသုဉ်းအောင်ဆိုပြီးတော့ ကာကွယ်စောင့်ရှောက်ရန် လိုအပ်နေပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ သစ်တောများပြုန်းတီးလာပြီးတော့ ရာသီဥတု ပူနွေးလာတဲ့ဖြစ်စဉ်ကြောင့် ဇီဝဖိုးငှက်များက မိမိနေထိုင်ရာပတ်ဝန်းကျင်ကို စွန့်ခွာပြီးတော့ ရေကြည်ရာ၊ မြက်နုရာ နယ်သစ်၊ ပယ်သစ်ကို ရှာဖွေကြတော့မှာ ဓမ္မတာပဲဖြစ်ပါတယ်။ အဲဒီလို ဇီဝဖိုးငှက်များက မိမိပတ်ဝန်းကျင်မှာနေပျော်ပြီးတော့ ငှက်မျိုးစိတ်မသုဉ်းရန်နည်းလမ်းနှစ်သွယ်နှင့် ကာကွယ်စောင့်ရှောက်ရန်သင့်ကြောင်း အကြံပြုလိုပါတယ်။ ပထမနည်းလမ်းကတော့ လူပုဂ္ဂိုလ်နှင့် စောင့်ရှောက်တဲ့နည်းလမ်းဖြစ်ပါတယ်။ ဒါကတော့ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် သုတေသနပြု လုပ်ထားသူများ ဝါသနာရှင်များရဲ့အကြံဉာဏ်ဖြင့် ငှက်မျိုးစိတ်မပြုန်းတီးအောင်နှင့် ငှက်သိုက်တောင်များရှိရာကျွန်းများကို ကာကွယ်တဲ့နည်းလမ်းဖြစ်ပါတယ်။ နောက်တစ်ခါက ဥပဒေရေးဆွဲတဲ့နည်းလမ်း ဖြစ်ပါတယ်။ ဒါကတော့ အခုအချိန်မှာ သဘာဝငှက်သိုက်ထုတ်လုပ်တဲ့လုပ်ငန်းနှင့် အိမ်မွေးငှက်သိုက် ထုတ်လုပ်တဲ့လုပ်ငန်းဆိုပြီးတော့ ငှက်သိုက်လုပ်ငန်းနှစ်မျိုးကွဲပြားလာပြီဖြစ်တဲ့အတွက် ငှက်သားပေါက်ချိန်ဖြစ်တဲ့ ဧပြီလ၊ မေလ၊ ဇွန်လများမှာ ငှက်သိုက်ထုတ်လုပ်ခြင်းမပြုရန်ဆိုတဲ့ ဇီဝဖိုးငှက်များ မျိုးသုဉ်းပျောက်ကွယ်ခြင်းမှ ကာကွယ်တဲ့ဥပဒေကို ပြဋ္ဌာန်းသင့်ကြောင်းတင်ပြရင်းနှင့် ဒေါ်တင်တင်ရီရဲ့အဆိုကို ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဥာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဥာဏ်ဟိန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုကို လေ့လာကြည့်ရာမှာ နိုင်ငံတော်အတွက် ဝင်ငွေများစွာရှာဖွေပေးနေတဲ့ လုပ်ငန်းတစ်ခုပျက်ပြားသွားမှာကို အထူးစိုးရိမ်စိတ်၊ စေတနာကိုတော့ အပြည့်အဝထောက်ခံအပ်ပါတယ်။ ဒီစေတနာကို အကောင်အထည်ဖော်ဖို့ တိုက်တွန်းမှုမှာတော့ အယူအဆမှားယွင်းဆောင်ရွက်သွားမှာကိုတော့ စိုးရိမ်မိရပါတယ်။ အဆိုကိုတင်ပြစဉ်က လူလုပ်ငှက်အိမ်များပေါ်ပေါက်လာတာနှင့် အမျှ ကျွန်းနေငှက်များလျော့ပါးလာခြင်းအချက်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိတဲ့ သစ်တောဝန်ကြီးဌာနက ကျွန်းရှိခြုံနွယ်ပိတ်ပေါင်းများ၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းမှုမရှိလို့ သိန်းစွန်ငှက်တို့ရဲ့ ဖမ်းယူစားသောက်ခံရခြင်းဆိုတဲ့ အချက်နှစ်ချက်ကို ပြန်သုံးသပ်စေလိုပါတယ်။ ဒီနှစ်ချက်အယူအဆမှားနေတာ မထောက်ပြခင်မှာ သတ္တဗေဒဌာနပါမောက္ခဒေါက်တာမြင့်မြင့်သန်းရေးတဲ့ ငှက်သိုက်ဆောင်းပါးကို ကိုးကားရှင်းပြလိုပါတယ်။ ငှက်သိုက်လုပ်တဲ့ ဇီဝဖိုးငှက်ဆိုတာ ပျံလွှားငှက်မျိုးစုမှာပါတဲ့ ငှက်ငယ်မျိုးဖြစ်ပါတယ်။ အမြီးတိုပြီးတော့ အလွန်လျှင်မြန်စွာပြန်သန်းနိုင်ပြီးတော့ တိမ်ပေါ်ထိတောင် ပျံနိုင်တယ်လို့ဆိုပါတယ်။ တစ်နှစ်နှစ်ကြိမ်သားပေါက်နိုင်ပြီး တစ်ခါပေါက်လျှင် အနည်းဆုံးနှစ်ကောင် အထီး၊ အမစုံတွဲဖြစ်လေ့ရှိပါတယ်။ ဒါကြောင့် သူတို့သက်တမ်းကိုတော့ ကျွန်တော်မသိပါဘူး။ သို့သော်လည်းပဲ တစ်နှစ်မှာတစ်ဆနှုန်းတိုးနေတဲ့ တိရစ္ဆာန်မျိုးဖြစ်တယ်ဆိုတာကိုတော့ တွေ့ရှိရပါတယ်။ နောက်တစ်ခုက သူတို့အစာဟာ အတောင်ပါတဲ့ Insect ပိုးများကို စားသောက်ကြတာဖြစ်ပါတယ်။ နောက်တစ်ခုက ပေ ၄၅၀ လောက်မြင့်တဲ့ လူသူဝေးရာကျောက်ဂူအမိုး၊ နံရံမှာအသိုက်လုပ်လို့ လူတွေကသက်စွန့်စံဖျားငြမ်းဆင်ပြီးတော့ ထုတ်ယူရတယ်လို့ သိရပါတယ်။ ဒီတော့ ကျွန်တော်တို့ လူလုပ်ငှက်အိမ်ဆိုတာ အန္တရာယ်ကင်းကင်းနှင့် ထုတ်နိုင်တဲ့မိသားစုများစွာအတွက် အလုပ်အကိုင်အခွင့်အလမ်းဖြစ်တာရယ် နောက်တစ်ခုက SME လုပ်ငန်းအမျိုးအစားဖြစ်တာမို့လို့ ကျွန်တော်တို့က ပိုလို့တောင်မှ အစိုးရအနေနဲ့ မြေထောင်မြှောက်ပေးရမယ့်လုပ်ငန်းဖြစ်တယ်ဆိုတာတွေ့ရပါတယ်။ အခွန်အကောက်မှန်မှန်ရဖို့ကတော့ အကျင့်ပျက်မှုကိုပြင်းပြင်းထန်ထန်အရေးယူဖို့ပဲရှိပါတယ်။ သဘာဝငှက်မျိုးဟာ တစ်နှစ်တစ်ဆနှုန်းတိုးနေတာမို့လို့ ငှက်မျိုးလျော့သွားမှာကို ပူစရာမလိုပါဘူး။ ကျွန်းတွေငှက်မြဲရန်အကြောင်းအရင်းမဟုတ်ဘူးလို့ပဲ ကျွန်တော်တင်ပြချင်ပါတယ်။ နောက်ပြီးတော့ ဒီလူလုပ်ငှက်အိမ်မှငှက်သိုက်ထုတ်ခြင်းသည် တီထွင်ဆန်းသစ်မှုတစ်ခုဖြစ်ပြီးတော့ လူ့သမိုင်းရဲ့ဖြစ်ပေါ်တိုးတက်မှုဖြစ်လို့ ငှက်အိမ်လုပ်ငန်းကို ဟန့်တားမှုဟာ နောက်ပြန်ဆွဲသလိုဖြစ်မှာလည်း သတိထားရမှာဖြစ်ပါတယ်။ ကျွန်းကိုစောင့်ရှောက်ဖို့ဆိုတဲ့ အကြောင်းပြချက်ဖြင့်သွားပြီးတော့မှ ကျွန်တော်တို့ ဆုတ်ယုတ်အောင်သွားလုပ်လိုက်ဖို့ မသင့်ပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့ လွန်ခဲ့တဲ့ နှစ် ၄၀ ကျော်က ကျွန်တော်နှင့် သက်တမ်းတူတွေ မှတ်မိကြမှာပါ။ သိပ္ပံဘာသာတွဲယူရင်။ Zoology ဘာသာရပ်ရဲ့ ကိုးတန်းနှစ်မှာ စသင်တဲ့နိဒါန်းမှာတင်ကို ပစ္စည်းသဘာဝမျှတမှုဆိုတာ သင်ထားတာရှိပါတယ်။ ငှက်မျိုးတွေဟာ ပွားချင်သလောက်သူပွား။ သူလိုအပ်တဲ့ အစာရေစာနဲ့ နေရာမရတဲ့အချိန်ကျရင် တဖြည်းဖြည်းပြန်ဆုတ်ယုတ်သွားမှာဖြစ်ပါတယ်။ ပြီးရင် တစ်ခါပြန်ပွား လာမှာပါပဲ။ အဲဒီတော့ ဘာပြလည်းဆိုရင် သဘာဝတရားကြီးက ပြေပြစ်မျှတ

အောင် ထိန်းချုပ်ထားပြီးသားဖြစ်ပါတယ်။ သူတို့ရဲ့အစာဖြစ်တဲ့ အတောင်ပါ Insect ပိုးတွေကို စားသောက်တာဖြစ်တဲ့အတွက် အင်းဆက်ပိုးတွေပေါက်ဖွားတဲ့ ခြုံနွယ်၊ သစ်ပင်တွေ သွားရှင်းလို့မရပါဘူး။ နောက်တစ်ခုက အင်းဆက်ပိုးတွေကြောက်တဲ့ မီးခိုးတို့၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ထွက်တဲ့ဟာတွေကို ကျွန်းမှာမရှိအောင်ဘဲ ကျွန်တော်တို့ စောင့်ထိန်းပေးရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်းတွေကို စက်ရုံ၊ အလုပ်ရုံတွေသွားမလုပ်ပါနဲ့။ ငှက်သိုက်ကျွန်းတွေကို လူနေအိမ်ခြေတွေ အများကြီးသွားတည်ဆောက်လို့မရပါဘူး။ သူ့သဘာဝအတိုင်းဘဲ ထားပေးရပါမယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီလိုမျိုး အဆိုကိုအတည်ပြုတော့မယ်ဆိုရင်လည်းပဲ ကျွန်တော်အကြံပြုချင်တာက နယ်ပယ်အသီးသီးက တတ်ကျွမ်းတဲ့ ပညာရှင်တွေအားလုံးနဲ့ တိုင်ပင်ပြီးတော့ ထိန်းထိန်းသိမ်းသိမ်းလုပ်သင့်ပါကြောင်း အကြံပြုတိုက်တွန်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

## ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီရဲ့ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြား ဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးရန် အစိုးရသို့ တိုက်တွန်းကြောင်းအဆိုနဲ့စပ်လျဉ်းပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ပေါင်းစပ်ပြီး ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ သဘာဝငှက်သိုက် တောင်များရှိရာကျွန်းများကို ရေရှည်တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ ဝိုင်းဝန်းဆွေးနွေးအကြံပြုသွားတဲ့အတွက် ကျွန်တော် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါခင်ဗျား။

ငှက်သိုက်နှင့်ပတ်သက်ပြီးတော့ တော်တော်များများ ပြည့်ပြည့်စုံစုံဆွေးနွေးပြီးတဲ့အတွက် ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့မပြောလိုပါဘူး။ ဒီငှက်သိုက်နှင့်ပတ်သက်ပြီး ရှေးမြန်မာမင်းလက်ထက်တည်းက ငှက်သိုက်ကို သစ်တောထွက်ပစ္စည်းသတ်မှတ်ခဲ့ပါတယ်။ ဘုရင့်ရဲ့အခွင့်တော်လက်မှတ်ဖြင့်သာ ငှက်သိုက်ကိုခူးဆွတ်လေ့ရှိပါတယ်။ အင်္ဂလိပ်ခေတ်အုပ်ချုပ်တဲ့ ကာလမှာလည်းပဲ ၁၈၂၅ ခုနှစ်ထဲကစပြီးတော့ ငှက်သိုက်စုသိမ်းခွင့်ကို တင်ဒါစနစ်ဖြင့်ဆောင်ရွက်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တင်ဒါစနစ်၊ လိုင်စင်စနစ်တို့နဲ့ ငှက်သိုက်စုသိမ်းခွင့်ပေးပြီးတော့ တင်ဒါနဲ့ လိုင်စင်ပါ စည်းကမ်းချက်များအရ ငှက်သိုက်ကျွန်းထိန်းသိမ်းရေးကို လိုင်စင်တင်ဒါရသူက

သစ်တောဦးစီးဌာနရဲ့ကြပ်မတ်မှုနဲ့ဆောင်ရွက်လျက်ရှိပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသလိုပါပဲ။ တနင်္သာရီတိုင်းဒေသကြီးမှာ ငှက်သိုက်ကျွန်း ၃၂ ကျွန်းကို ကြိုးဝိုင်းများအဖြစ် ဖွဲ့စည်းခဲ့ပါတယ်။ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်မှာ မော်စကိုကျွန်းအပါအဝင် ရှစ်ကျွန်း၊ ဧရိယာ ၂၁၆ ဧက၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ မလိကျွန်းမှာတော့ ကျွန်းငါးကျွန်း၊ ၉၁၈ ဧက၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ရေအေးအုပ်စုမှာ ကျွန်း ၁၀ ကျွန်း၊ ဧရိယာ ၄၉၁ ဧက၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်/ကော့သောင်းမြို့နယ်၊ ကဆိုင်းလှနှင့် ကော့ငါးအုပ်စုမှာ ကျွန်းငါးကျွန်း၊ အားလုံး စုစုပေါင်း ၈၆ ဧက စုစုပေါင်း ၁၇၁၁ ဧကရှိကြောင်း တွေ့ရှိရပါတယ်။ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ(၁၉၉၄) အရ ထုတ်ပြန်ခဲ့တဲ့ မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့်တောရိုင်းတိရစ္ဆာန်များမှာ ငှက်သိုက်ထုတ်ပေးတဲ့ ဇီဝဖိုးငှက်များကို သာမန်ကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်စာရင်းမှာ ထည့်ပါတယ်။

လက်ရှိမှာတော့ တနင်္သာရီတိုင်းဒေသကြီးမှာ ငှက်သိုက်ကျွန်းများကို အောက်ပါအတိုင်း လုပ်ပိုင်(၄)ပိုင် ခွဲခြားပြီးတော့ လေလံစနစ်နဲ့ စုသိမ်းခွင့်ပြုပါတယ်။ လုပ်ပိုင်များကို ကျွန်တော် Power Point မှာ တင်ပြထားပါတယ်။ လုပ်ပိုင် ၁ က ထားဝယ်ခရိုင်၊ လောင်းလုံးမှာကျရောက်ပြီးတော့ မော့စကော့ကျွန်းအုပ်စု၊ လုပ်ပိုင် ၂ က မြိတ်ခရိုင်၊ ကျွန်းစုမှာပါဝင်တဲ့ ရေဇကျွန်းအုပ်စု၊ လုပ်ပိုင် ၃ ကတော့ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်မှာ ပါဝင်တဲ့ ရေဇကျွန်းအုပ်စု၊ လုပ်ပိုင် ၄ က မြိတ်ခရိုင်၊ ပုလောမြို့နယ်မှာပါဝင်တဲ့ မလိကျွန်းအုပ်စု ဖြစ်ပါတယ်။ အဲဒီမှာလည်းပဲ ခုနက ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသလိုပါပဲ။ ဒါကို ၂၀၁၃-၂၀၁၄ ခုနှစ်မှစပြီးတော့ တင်ဒါအိတ်ဖွင့်ဆွဲတဲ့အခါမှာ စုစုပေါင်း ၂၀၁၇-၂၀၁၈ ခုနှစ်ထိကို အားလုံးသိန်းပေါင်း ၆၃၄၄၈.၉၉ သိန်းကို အခွန်တော်ရရှိခဲ့ပါတယ်။ အဲဒီအခွန်တော်များကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေများကိုလည်း နှစ်စဉ် ကျွန်တော်တို့ ထည့်သွင်းလေ့ရှိပါတယ်။

ဧရာဝတီတိုင်းဒေသကြီးနယ်မြေမှာ အနောက်ဘက်ကမ်းရိုးတန်းတစ်လျှောက်မှာ ပုသိမ်နဲ့ ငပုတောမြို့နယ်မှာရှိတဲ့ ကျွန်းလျှားရှည်၊ စခန်းတောင်၊ အပြင်တောင်၊ သောင်မန်ကျည်း၊ ငှက်ပျောကျွန်း၊ ဂေါ်ရင်ဂျီကျွန်း ကျွန်းခြောက်ကျွန်းကိုလည်းပဲ ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာနက ငှက်သိုက်သိမ်းယူခွင့်လိုင်စင် နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီကျွန်းများမှာလည်းပဲ ယခုအခါမှာ ပွင့်လင်းရာသီရောက်တဲ့အခါမှာ အပန်းဖြေခရီးသွားလာမှု တဖြည်းဖြည်းများလာတဲ့ အတွက်ကြောင့်မို့ ဇီဝဖိုးငှက်များရဲ့သဘာဝအရ လူနဲ့အခြားဆူညံသံဝေးရာကို ရှောင်ရှားသဖြင့် ငှက်သိုက်များရှာဖွေရန်လည်းပဲ အတော်ပင်ခက်ခဲကြောင်း သိရှိရပါတယ်။ သစ်တောဦးစီးဌာနက ငှက်သိုက်စုသိမ်းခွင့်ရသူရဲ့တာဝန်နဲ့ လိုက်နာရမယ့်စည်းကမ်းချက်များကို သတ်မှတ်ပေးတဲ့နေရာမှာ ဇီဝဖိုးငှက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနဲ့ သက်ဆိုင်တဲ့ ဇီဝဖိုးငှက်များကို စွန်၊ သိမ်းငှက်၊ ကြောင်၊ မြွေအစရှိတဲ့ရန်များမှ ကာကွယ်ပေးခြင်း၊ အနားပေးကာလနဲ့ ငှက်သိုက်စုသိမ်းခြင်းကာလ တို့ကို သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ မိရိုးဖလာ နည်းအတိုင်းသာ စုသိမ်းခြင်း စတဲ့အချက်များ ပါဝင်ပါတယ်။ ဇီဝဖိုးငှက်များ သဘာဝအတိုင်း ရှင်သန် ပေါက်ဖွားမှုကို မထိခိုက်စေဘဲ စဉ်ဆက်မပြတ်ငှက်သိုက်စုသိမ်းယူခြင်းအတွက် တင်ဒါအောင်မြင်သူများအနေနဲ့ ဆောင်ရွက်ရမှုများ

အပေါ်မှာ စစ်ဆေးကြပ်မတ်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီးမှာတော့ တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်အဆင့်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကို သစ်တောဦးစီးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တို့က ခရိုင်နှင့်မြို့နယ်အဆင့်တာဝန်ခံများနဲ့ ဖွဲ့စည်းထားပါတယ်။ တိုင်းဒေသကြီးအဆင့်နဲ့ ခရိုင်အဆင့် ငှက်သိုက်စုသိမ်းမှုလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များဟာ စည်းကမ်းချက်များလိုက်နာမှုရှိ/မရှိစစ်ဆေးခြင်း၊ ဇီဝဖိုးငှက်များရှင်သန်ပေါက်ဖွားမှုတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် ငှက်သိုက်ထုတ်ယူရေးနည်းလမ်း များ အကြံပြုခြင်း၊ လပ်ပုံအလိုက်စုသိမ်းရရှိတဲ့ ငှက်သိုက်များကို စစ်ဆေးခြင်းနှင့် အတည်ပြုခြင်းများ ကို ဆောင်ရွက်လျက်ရှိပါတယ်။

ငှက်သိုက်စုသိမ်းယူခွင့်သဘောတူညီတဲ့စာချုပ်ထဲမှာ ငှက်သိုက်စုသိမ်းခွင့်ရသူ တာဝန်နဲ့ စည်းကမ်းချက်များမှာ ငှက်သိုက်ကျွန်းကျောက်တောင်ရှိ သစ်ပင်များကို လုပ်ငန်းပြင်ဆင် ချိန်ကာလတွင် ကုန်စင်အောင်ခုတ်လှဲရမည်ဟုပါဝင်သော်လည်းပဲ စုသိမ်းသူများအနေနဲ့ တစ်နှစ်တာ ကာလအတွင်းမှာ အချိန်တိုရင်းနှီးမြှုပ်နှံမှုကိုရပြီးတော့ နောင်နှစ်မှာ တင်ဒါကို ဘယ်သူရမည်ကို မခန့်မှန်းနိုင်တဲ့အတွက်ကြောင့်မို့လို့ လုပ်ကိုင်ခွင့်ရတဲ့နှစ်အတွင်းမှာ အကျိုးအမြတ်ရရှိရေးကိုသာ ဦးတည်ဆောင်ရွက်ခြင်းကတစ်ချက်၊ တချို့ကျွန်းတွေမှာ ချုံနွယ်ပင်၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း တဲ့နေရာမှာ ကျန်ရှိတာတွေ့ရပါတယ်။ ဒီနေရာမှာလည်း ခုနကကိုယ်စားလှယ်တော်ကြီးတစ်ဦးတင်ပြ သလိုပါပဲ။ ဒါလည်း အင်မတန်တော်တော်စဉ်းစားစရာအချက်ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီငှက်ကလေးတွေဟာ သူတို့စားသောက်နေတဲ့ အင်းဆက်များကိုလည်းပဲ သူတို့ရှာရန်အတွက်က အရေးကြီးပါတယ်။ အဲဒီစည်းကမ်းချက်များကို စုသိမ်းရခွင့်အပြည့်အဝလိုက်နာဆောင်ရွက်ရေး၊ ကြီးကြပ်ရေးအဖွဲ့ကနေပြီးတော့ ကြပ်မတ်ဆောင်ရွက်ပေးပြီး တွန်းအားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ငှက်သိုက်ကျွန်းမှာရှိတဲ့ ချုံနွယ်များ၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းဟာလည်း တစ်ဖက်ကကြည့်မယ်ဆိုရင် ခုနက တင်ပြသလိုပါပဲ။ ဇီဝဖိုးငှက်တွေကို သိမ်း၊ စွန် ငှက်များရဲ့ အန္တရာယ်မှနေပြီး ကာကွယ်နိုင်မှာဖြစ်ပြီးတော့ ဇီဝဖိုးငှက်ကောင်ရေတိုးပွားလာရန် ဖြစ်ပါတယ်။ သဘာဝငှက်သိုက်ကို ရေရှည်တည်တံ့တဲ့နည်းနဲ့ စုဆောင်းနိုင်ရေး လိုအပ်တဲ့စီမံချက်များ ချမှတ် ဆောင်ရွက်ရန်လည်း ဇီဝဖိုးငှက်ကောင်ရေတိုးပွားလာဖို့အတွက် နေထိုင်ကျက်စားရာ ကျောက်ဆောင်များအတွင်းမှာရှိတဲ့ သစ်ပင်ငယ်များ၊ ချုံနွယ်များရှင်းလင်းမှုများမှာ ပိုမိုရင်းနှီးမြှုပ်နှံ လာစေရန်အတွက် ငှက်သိုက်စုသိမ်းခွင့်လပ်ပုံများကို တစ်နှစ်လျှင်တစ်ကြိမ် အိတ်ဖွင့်တင်ဒါ ရောင်းမဲ့အစား သုံးနှစ်လျှင်တစ်ကြိမ် အိတ်ဖွင့်တင်ဒါရောင်းချခြင်းကို ဆောင်ရွက်ရန် တနင်္သာရီ တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ဇီဝဖိုးငှက်များကို အသံတုနည်းနဲ့မွေးမြူတယ်။ အိမ်မွေးငှက်သိုက်ထုတ်လုပ်ခြင်းကိုတော့ မလေးရှားနိုင်ငံမှာ စပြီးတော့ မြန်မာနိုင်ငံမှာတော့ ၂၀၀၄ ခုနှစ်မှာ စပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ အဲဒီအိမ်မွေးငှက်သိုက် လုပ်ငန်းပေါင်း ၁၁၄ ခု ရှိကြောင်း Power Point မှာ တင်ပြထားပါတယ်။

အိမ်မွေးငှက်သိုက်လုပ်ငန်းများကို ခွင့်ပြုတဲ့နေရာမှာ သဘာဝဇီဝဖိုးငှက်များကို ထိခိုက်မှုမရှိစေ ရန် စိစစ်ပြီးမှ ခွင့်ပြုခြင်းဖြစ်ပါတယ်။ ထပ်မံပြီး တနင်္သာရီတိုင်းဒေသကြီးမှ အိမ်မွေးငှက်သိုက်

လုပ်ကိုင်ခွင့်လျှောက်ထားသူ ၇၆ ဦးရှိရာ တင်ပြထားတဲ့ လုပ်ငန်းများဟာ သဘာဝငှက်များကို ဆွဲဆောင်ခေါ်ယူပြီးတော့ အမှောင်ခန်းနေအိမ်များမှာ အသိုက်ဖွဲ့စေတဲ့လုပ်ငန်းမဟုတ်ဘဲနဲ့ ကောင်ရေတိုးပွားအောင်မွေးမြူခြင်း၊ နေရင်းဒေသ ပြင်ပခြံလှောင်မွေးမြူထိန်းသိမ်းခြင်း(Ex-situ)နည်းနဲ့ ငှက်သိုက်မွေးမြူထုတ်လုပ်တဲ့လုပ်ငန်းဟုတ်/မဟုတ်နဲ့ သဘာဝဇီဝဖိုးငှက်များအပေါ် ထိခိုက်မှုမရှိစေဘဲ မြို့နယ်အလိုက် ခွင့်ပြုပေးနိုင်မယ့်အခြေအနေကိုလည်းပဲ သစ်တောဦးစီးဌာနက စိစစ်လျက်ရှိပါတယ်။

ဇီဝဖိုးငှက်များရဲ့ သဘာဝအသိုက်များအား ခွာယူခြင်းနဲ့နေအိမ်များမှာ အသံတုထုတ်လွှင့်ပြီးတော့ ဆွဲဆောင်အသိုက်ပြုလုပ်ခြင်းများကို ခွာယူခြင်းတို့ဖြင့် ငှက်သိုက်များ စုဆောင်းခြင်းတို့ကို စနစ်တကျစည်းကမ်းချက်များ သတ်မှတ်၍ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ငှက်သိုက်ထုတ်လုပ်သောကျွန်းများကို ၁၉၄၆ ခုနှစ်ကစပြီးတော့ ငှက်သိုက်ကြိုးဝိုင်းများအဖြစ် ဖွဲ့စည်းကာ ထိန်းသိမ်းလျက်ရှိခြင်းနဲ့ ဇီဝဖိုးငှက်များနှင့် ယင်းတို့ရဲ့ ကျက်စားရာ ငှက်သိုက်ကျွန်းများကို ထိန်းသိမ်းခြင်းများကို လုပ်ငန်းရှင်များက ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် တိုင်းဒေသကြီးသစ်တောဦးစီးဌာနက ငှက်သိုက်စုသိမ်းခွင့်လပ်ပုံများ အိတ်ဖွင့်တင်ဒါရောင်းချခြင်းများ ပြင်ဆင်ရန်စီစဉ်ဆောင်ရွက်နေခြင်းတို့ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုအား မှတ်တမ်းအဖြစ်ထားရှိပေးပါရန် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဈေးကွက်ဝင် သဘာဝငှက်သိုက်တောင်များရှိရာကျွန်းများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထူးစီမံချက်တစ်ရပ်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ကိုယ်စားလှယ်တော်ကြီးများ လေးဦးမှာ စိတ်ပါဝင်စား အကြံပြုဆွေးနွေးသွားတာတွေ့ရတဲ့အတွက် များစွာကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပထမဦးစွာပြောကြားလိုပါတယ်ရှင်။ ကျွန်မအဆိုတင်သွင်းရတဲ့ရည်ရွယ်ချက်ကလည်း သဘာဝတောတောင်ကျောက်ဆောင်တွေပေါ်မှာရှိတဲ့ မှီတင်းနေထိုင်နေကြတဲ့ဇီဝဖိုးငှက်ကလေးများရဲ့ လုံခြုံဘေးကင်းရေးအတွက်ကို ချုံနွယ်၊ ပိတ်ပေါင်း၊ ဝါးပင်၊ နွယ်ပင်များကို ရှင်းလင်းပေးခြင်းအားဖြင့် ၎င်းတို့အတွင်း မှီတင်းနေထိုင်ကြသည့်ငှက်ဆိုးများ၏အန္တရာယ် သိမ်း၊ စွန်၊ ငှက်ရဲတို့၏အန္တရာယ်မှ ကင်းဝေးစေရန်ရည်ရွယ်၍ ၎င်းအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ရှင်။ သဘာဝငှက်သိုက်တောင်မှ ရသည့် ငှက်သိုက်များသည် အိမ်မွေးငှက်သိုက်များထက်ပို၍ အာနိသင်ရှိသည့်နည်းတူ တန်ဖိုးချင်းမှာလည်း ကွာခြားလွန်းလှသည်ကို တွေ့ရှိရပါသည်။ သဘာဝတောတောင်များမှ စွန်ရဲ၊ ငှက်သိုက်တို့ အန္တရာယ်ကြောင့် နေအိမ်များ ပြောင်းရွှေ့ရောက်ရှိလာသည့်ငှက်သိုက်များမှာလည်း နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့်အတွက်လည်း မငြင်းနိုင်ပါ။ မြန်မာနိုင်ငံအတွင်း သဘာဝငှက်သိုက်တောင်များနှင့် အိမ်မွေးငှက်သိုက်တို့ကို လိုင်စင်ချပေးပြီး ထိန်းသိမ်းထား

ရာတွင် နေ့စဉ်နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးခဲ့သည့် အဖိုးထိုက်ဆေးဖက်ဝင် သစ်တောထွက်ပစ္စည်း တစ်မျိုးဖြစ်ရာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာအမှတ် (၇/၂၀၁၈)အပိုင်း(၂)၊ စာမျက်နှာ ၁၃၀ နှင့် အပိုဒ် ၃၉၆ အရ ငှက်သိုက်တွေ့ရှိမှုမှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ငါးနှစ်အတွင်းမှာ ၁၅၈၁ ပိဿာနှင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၁၃၆၅ ပိဿာ တွေ့ရှိခဲ့ကြောင်းကို သိရှိရပါသည်။ သို့ပါ၍ အဖိုးတန်ငှက်သိုက်တောင်များရှိ သဘာဝငှက်သိုက်များ၏ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ကို ထိန်းသိမ်းစောင့်ရှောက်ပေးပါရန်အဆိုအား တင်သွင်းရခြင်းဖြစ်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၎င်းကိစ္စရပ်များကို ဆောင်ရွက်နေသည်ဖြစ်၍ ၎င်းကို မှတ်တမ်းတင်ထားရှိသင့်ကြောင်းကို ဆွေးနွေးထားခဲ့ပါသည်။ လက်ရှိအနေအထားတွင် တရားဥပဒေအရဖြစ်နေသည့် အိမ်မွေးငှက်သိုက်များကိုလည်း စောင့်ရှောက်ကာကွယ်ပေးရန်မှာလည်း လိုအပ်နေပါသေးသည်။ သို့ပါ၍ ကျွန်မ၏အဆိုကို မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် လွှတ်တော်ကြီးမှတစ်ဆင့် တင်ပြလျှောက်ထားအပ်ပါသည်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် လေးဦးက ဆွေးနွေးပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့် စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်တင်တင်ရီ တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် (အင်္ဂါနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၂း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ (၁၇.၈.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Soe Aung U Par Htan




U Kan Myint U Maw Than




U Ohn Win Daw Khin Than Nu




U Ohn Win U Khin Cho




U Ohn Win Dr Than Aung Soe




U Ohn Win U Min Thein

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်